
လယ်တီကမ္ဘဏ်ဒီပဏီ



၁၅၈၇

လယ်တီကဗျဝါဒီပနိုဒ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဥပသမ္ပဒကဋ္ဌဝဏ္ဏနာ

ပဥ္စင်္ဂလောင်းတပါး ရဟန်းခံပုံ

ဥပစ္ဆာယ်ခယူခြင်း အဆုံးအဖြတ်

သိမ်တွင်း သိမ်ပ တိုက်တွင်း တိုက် အပြင်နေ အဝေးနေ ဥပဇ္ဈာယ်ဟူက လုံးဝမသော ပဥ္စင်းလောင်းကို "နိဂုဟဇ္ဈာယက= ဥပဇ္ဈာယ်မဲ့သော ရဟန်းလောင်း"ဟု ဆိုသည်၊ ထိုသို့သော ရဟန်းလောင်းကို ရဟန်းပြု မပေးသင့်၊ ရဟန်းပေးခြင်းအံ့၊ ဒုက္ကဋ် အာပတ် သင့်သည်၊ ကံကား မပျက်ဖြီး၊

ဥပဇ္ဈာယ်ဆရာသည် ထိုသိမ်းတွင်း ပါဒေကာ ထိုဝတ်တွင်း ထိုတိုက်ပ အပြင်အဝေးမာပင် ထင်ထင်ရှားရှား ရှိခဲ့သော် နိဂုဟဇ္ဈာမစာ မဆိုရပြီ၊ သဥပဇ္ဈာယက ရဟန်းလောင်း ဖြစ်ပေပြီ၊ ဤကြောင့် ဥပဇ္ဈာယ်ဆရာသည် ရဟန်းခံရာ သိမ်အပြင်၌ မပါမူ၍ သိမ်ပ တိုက်ပ အနီးအဝေးမှာ နေခဲ့သော် ယင်း ဥပဇ္ဈာယ်ဆရာသံမှာ ဥပဇ္ဈာယ်ယူစေ၍ ကမ္မဝါစာ ဖတ်မည်ရှိသောအခါ၌ မည်သည့်ဘန်းတော်ကြီးကို "ဥပဇ္ဈာယ်ဆရာ"ဟူ၍ မှတ်၊ ထို ဘန်းတော်ကြီး၏အမည်ကို "ဘိသ"ဟူ၍မှတ်၊ ဤသို့ အမည်ပေး၍ ဖတ်ကြားပြီးမျှင် ကမ္မဝါစာဖတ်ရာ ကာရကသံဃာတို့၌လည်း အာပတ်မသင့်တော့ပြီ။

ဒီဌဒုဂတိမှာ သက္ကရာဇ် ၁၂၃၃-ခုနှစ် တပို့တဲ့လတွင် စစ်ကိုင်းချောင်း ဗန်းမော်ဆရာတော်ကြီးတိုက်မှာ ထွဋ်ခေါင်ဆရာတော်ကြီး၏ တပည့် ရဟန်းလောင်းကို ဗန်းမော်ဆရာတော်ကြီး နှင့် သာစာဆရာတော်ကြီးတို့ ကြီးကြပ်၍ ဥပသမ္ပဒတ် ရွက်ဆောင်တော်မူကြစဉ်

ထွဋ်ခေါင်ဆရာတော်ကြီး မကြွလာနိုင်ရှိသည်နှင့် ရဟန်းလောင်းကို စေလွှတ်၍ ထွဋ်ခေါင်ဆရာတော်ကြီးထံမှာ ဥပဇ္ဈာယ် ယူစေ၍ ပြန်ရောက်မှ ဗန်းမော်တိုက်တွင်းရှိ ခက္ကသိမ်မှာ ဥပသမ္ပဒါကို ရွက်ဆောင်တော်မူကြသည်ဟု တဆင့်စကား ကြားရဘူးသည်။

ရဟန်းလောင်းမည်သည် သံဃာ့ဟတ္ထပါသ်အတွင်းမှာ ရှိနေမှသာ ကံမြောက်သည်၊ ဥပဇ္ဈာယ်ဆရာသည်ကား သံဃာ့ဟတ္ထပါသ် အတွင်းမှာ ရှိမနေစေကာမူ ကံမြောက်သည်။

ဥပဇ္ဈာယ် လုံးဝမရှိသော ပဥ္စင်းခံမှဥ်္ဂလည်း ဥပဇ္ဈာယ်ဆရာ၏ အမည်ကို ဖတ်ကြားခြင်းပြုလျှင် ကံကား မပျက်စီးပေ၊ ဥပဇ္ဈာယ် ဆရာလည်း မရှိ၊ ဥပဇ္ဈာယ်ဆရာ၏ အမည်ကိုလည်း မဖတ်ကြားလျှင် ကံပျက်သည်၊ ထို့ကြောင့် သိမ်အပြင် သံဃာ့ဟတ္ထပါသ်အတွင်းမှာ ဥပဇ္ဈာယ်ဆရာ မပါသော်လည်း ဥပဇ္ဈာယ်ဆရာကို သုံးသပ် ရွတ်ဖတ်ကာမျှဖြင့်ပင် ကံမြောက်သည်။

(ရဟန်းခံရာ သိမ်အပြင်မှာရှိသော သံဃာကို သုံးသပ်မှသာ ကံမြောက်သကဲ့သို့ ရဟန်းခံရာ သိမ်အပြင်မှာ သံဃာ့ဟတ္ထပါသ်၌ ရှိသော ဥပဇ္ဈာယ်ဆရာကို ဥတ်, ကမ္မဝါစာ၌ သုံးသပ် ရွတ်ဖတ်မှသာ ကံမြောက်သည်။)

ဤကား ဝဇိရ ဗုဒ္ဓိ ဋီကာ အာလိုတည်း၊ ဤအလိုကို အဋ္ဌကထာနှင့်ဎီကာမျှားနှင့်ဎီကာမျှားနှင့်ဎီကာ မညီသဲ့တ်သောကြောင့် အမှန်အားဖြင့် မယူအပ်ပေ။

ရဟန်းခံ ဘခေကိုး

ဥပဇ္ဈာယ် ယူစေခြင်း

ဥပသမ္ပဒံကို ဆောင်ရွက်လိုသော ဆရာသည် ဥပေါသထကံကဲ့သို့ ပဗ္ဗကရဏ လေးပါးတို့ကို ကိုယ်တိုင်သော်လည်း ပြုရာ၏၊ သူတပါးကိုသော်လည်း ပြုစေရာ၏၊ ထို့နောင်မှ ဥပဇ္ဈာယ်ပြုလုပ်ထိုက်သော မဟေရိရဟန်းကိုဎီကာ၊ ဎာန်းကရိဏ်းကျ ပြီသ ပြတ်သားအောင် ဖတ်ရွတ်နိုင်သော ကမ္မဝါစာဖတ် ရဟန်းတို့ကိုဎီကာ၊ ပစ္စန္တရစ်၌ ဂဏပူရဏ ပြစ်ထိုက်သော သုံပါး, လေးပါးထက် အလွန်ဖြစ်သော

ကာရက ရဟန် တို့ကိုငှင်း သိမ်တွင်းသို့ ပင့်ဆောင် စည်းဝေးရာ၏၊ ထိုနောင်မှ ရဟန်းလောင်းကို သံဃာအလယ်သို့ သွင်း၍ ဥပဇ္ဈာယ် ယူစေခြင်း, ဥပဇ္ဈာယ် ပေးခြင်းဟူသော ကိစ္စနှစ်ပါးကို ပြီးစေရာ၏။

ပဌမံ=သပိတ်သင်္ကန်းကို ပြောကြားခြင်းကိစ္စ စသည်တို့၏ ရှေးဦးစွာ။ ဥပသမ္ပဒါပေက္ခော=ပဉ္စင်းလောင်းကို။ ဥပဇ္ဈံ=ဥပဇ္ဈာယ်ကို ဂါဟာပေတဗ္ဗော=ယူစေအပ်၏။

ရဟန်းလောင်းက "ဥပဇ္ဈာယော မေ ဘန္တေ ဟောတိ" ဟု သုံးဝေါကျဆို။

ဥပဇ္ဈာယ်က "ပါသာဒိကေန သမ္မာဒေဟိ" ဟု ဆို။

မဇ္ဈိမဒေသ အဆုံးအဖြတ်

အလွန်ရှေးကျ၍ ရိုးသားလှသော ဆရာတပည့်ကြီးများသည် ချင်းတွင်းမြစ်ကို သလွဲဝဲတီမြစ်ဟု သမုတ်ပြီး ချင်းတွင်းမြစ် အနောက်ဘက်ကို မဇ္ဈိမဒေသဟု ယူဆကြသည်၊ မှားလေစ၊ မဇ္ဈိမဒေသပိုင်းခြားရာ သလွဲဝဲတီမြစ်ကား ကာလကတ္တားမြောက်ဘက် ဗိဟာရ်နယ် တောင်းပိုင်းမှာ ဝိုသည်။

သပိတ် သင်္ကန်းကို ကြားခြင်း

ဥပဇ္ဈံ=ဥပဇ္ဈာယ်ကို။ ဂါဟာပေတွာ = ယူစေပြီး၍။ ပတ္တစီဝရံ=သပိတ် သင်္ကန်းကို။ အာစိက္ခိတဗ္ဗံ = ပြောကြားအပ်၏။ ကိံ အာစိက္ခိတဗ္ဗံ=အဘယ်သို့ ပြောကြားအပ်သနည်း။

အာဝုံသော=အမောင်။ အယံ=အဓိဋ္ဌာန်လောက်သော အဆင်းအရောင် သဏ္ဌာန် ပမာဏနှင့်ပြည့်စုံသော ဤသပိတ်သည်။ တေ= အဓမောင် ပဉ္စင်းလောင်း၏။ ပတ္တော=မရမ်းမှဲ အမျှားမဆိုင် ကိုယ်ပိုင် သပိတ်ပေတည်း။

အာမ ဘန္တေ=အမိန့်တော်အတိုင်းပါ အရှင်ဘုရား။

အယံ=အဓိဋ္ဌာန်လောက်သော အဆင်းအရောင် ပမာဏနှင့်ပြည့်စုံသော ဤဒုကူလသည်။ **တေ**=အမောင် ပဉ္စင်းလောင်း၏။ သဃာ်၊ ဒုကူလပေတည်း။

အာမ ဘန္တေ=အမိန့်တော်အတိုင်းပါ အရှင်ဘုရား။

အယံ=အဓိဋ္ဌာန်လောက်သော အဆင်းအရောင် ပမာဏနှင့် ပြည့်စုံသော ဤ ကိုယ်ရုံသည်။ **တေ**=အမောင် ပဉ္စင်းလောင်း၏။ ဥတ္တရာသင်္ဂါ=ကိုယ်ရုံမည်တော့ ကေစိပေတည်း။

အာမ ဘန္တေ=အမိန့်တော်အတိုင်းပါ အရှင်ဘုရား။

အယံ=အဓိဋ္ဌာန်လောက်လော အဆင်းအရောင် သဏ္ဌာန်ပမာဏနှင့် ပြည့်စုံသော ဤသင်းပိုင်သည်။ **တေ**=အမောင်ပဉ္စင်းလောင်း၏။ **အန္တရဝါသကော**=သင်းပိုင်ပေတည်း။

အာမ ဘန္တေ=အမိန့်တော်အတိုင်းပါ အရှင်ဘုရား။

ဤမှနောက်၌မူကား ဥပဇ္ဈာယ်ဆရာအား "တိဿ", ပဉ္စင်းလောင်းအား "နာဂ" ဟူသော အမည်ကိုပေး။

သံဃဘောင်မှ ထုတ်ခြင်း

အာဝုသော=အမောင် ပဉ္စင်းလောင်း။ **ဣတော**=ဤသံဃာ့ဘောင်မှ။ **ဂစ္ဆ**=တဆယ့်နှစ်တောင် ခွါရှောင် သွားပါလေလော့။ **ဂန္ဒွာ**=သွားပြီး၍ အမှုမှ် ဩကာသေ = ဤအမည်ရှိသော အရပ်၌။ **တိဋ္ဌာဟိ** = ရပ်ဆိုင်းင့်တော့ နေနှင့်ပါလော။ (လက်အုပ်ချီကာ ရပ်နေရမည် မဟုတ်ပေ)။

ရဟန်းလောင်းကို ဆုံးမခြင်း

နာဂ = နာဂ အမည်ရှိသော အမောင် ပဉ္စင်းလောင်း၊ **သုဏာသိ** = ငါတို့နှစ်ပါး မိန့်စကားကို နားထောင်လော့။ **အယံ**= ဤအခါသည်ကား။ **တေ**=အမောင့် ပဉ္စင်းလောင်း၏။ **သစေ**=ကာလော = မသွေမဖှန် အမှန်ကိုသာ လျှောက်ထားရမည့် အခါပေတည်း။

ဘူတကာလော=မပို့မယုတ် အဟုတ်ကိုသာ လျှောက်ထားရမည့် အခါပေတည်း။ ယံ=အကြင် ကဋ္ဌ, ဂဏ္ဌ စသော အဖွဲ့ရာယ်က ဓမ္မတို့၏ ရှိ-မရှိ သဘောသည်။ ဇာတံ=သဒ္ဒဝယ်ဖြစ်၏။ တံ=ထို-ကဋ္ဌ, ဂဏ္ဌ စသော အဖွဲ့ရာယ်က ဓပ္ပတို့၏ ရှိ-မရှိသော သဘောကို။ သံဃမဋ္ဌေ= သံဃာ့ အလယ်သို့ ရောက်သောအခါ၌။ ပစ္ဆဉ္ဇန္တေ=ပစ္ဆာက သမ္ပတိဂသော မထေရ်ရဟန်းက မေးမြန်း စစ်ဆေးသည်ရှိသော်။ သန္တံ= ထင်ရှားရှိပေမူကား။ အတ္ထိတိ= ရှိပါပေသည် ဘုရား ဘုရှ်။ ဝတ္တဗ္ဗံ= ပြောက်ထားအပ်ပေသည်။ အသန္တံ= ထင်ရှားမရှိပေမူကား။ နတ္ထိတိ=မရှိပါ ဘုရား ဟု၍။ ဝတ္တဗ္ဗံ=လျှောက်ထားပါလေ။ မာ ခေါ ဝိတ္ထာသိ=ကြောက်စိတ်ကွက်၍ ကိုယ်လက်အင်္ဂါ ခိုင်မာမလှုပ် သစ်သားချပ်သို့ ငုတ်တုတ်မနေပါလင့်။ ပံကုံ=ကြောက်စိတ်ဝင့်ကျ မချင့်ချိုး နှလုံးမသာ မျက်နှာမလှ ရှိသည်။ မာ ခေါ အဟောသိ= မဖြစ်ပါလင့်။

ဝေံ=ဤသို့ ဆိုလတံ့သောနည်းဖြင့်။ တံ=ထိုအမောင်ပန်းလောင်းကို။ ပုစ္ဆိဿာမိ=မေးမြန်းစစ်ဆေးကြကုန်လတံ့။ ကိံ ပစ္ဆိဿသိ=အဘယ်သို့ မေးမြန်း စစ်ဆေးကြကုန်လတံ့နည်းဟူမူကား

ကုဋ္ဌံ=နှုနာမျိုးငှ်။ ဂဏ္ဍော=အိုင်းနာမျိုးငှ်း။ ကိလာသော ပွေးညှင်း တစ်းတိတ် အနာမျိုးငှ်း။ သောသော=ဝယရှင် ချောင်းဆိုး အနာမျိုးငှ်း။ အပမာရော၊ ဝက်ရူး ကြက်ရူး အနာမျိုးငှ်း။ ဇဝရူပါ=ဤသို့သဘောရှိကုန်သော။ အာဗာဓာ=အနာကြီးငါးမျိုးတို့သည်။ တေ=သင် ပဋ္ဌင်းလောင်းအား။ သန္တိ=ရှိပါကုန်သလော။ ဇံ=ဤသို့။ ပုစ္ဆိဿာမိ=ဒေးမြန်း စစ်ဆေးကြကုန်လတံ့။

တုံ = သင် ပဋ္ဌင်းလောင်းသည်။ မနုဿော အာသိ = လူသားစင်စစ် မှန်ပါ၏လော။ ဇဝမိ=ဤသို့လည်း။ ပုစ္ဆိဿန္တိ = ပေးမြန်း စစ်ဆေးကြကုန်လတံ့။

တုံ = သင် ပဋ္ဌင်းလောင်သည်။ ပုရိသော အာသိ = ယောကျ်ားစင်စစ် မှန်ပါ၏လော။ ဇဝမိ = ဤသို့လည်း။ ပုစ္ဆိဿန္တိ = မေးမြန်း စစ်ဆေးကြကုန်လတံ့။

ဘုဇိဿော=သူ့ကျွန်မဖြစ် စင်စစ်တော်လှန် သူကောင်းမှန်သည်။ အာသိ=ဖြစ်ပါ၏လော။ ဇဝမိ=ဤသို့လည်း။ ပုစ္ဆိဿန္တိ=မေးမြန်း စစ်ဆေးကြကုန်လတံ့။

အဏ္ဏော=သူ့မြို သူ့ကြွေး ချေးငှါးမတင် သန့်ရှင်းစင်သည်။ အသိ=ဖြစ်ပါ၏လော။ ဝေမှိ=ဤသို့လည်း။ ပုစ္ဆိသန္တိ=မေးမြန်း စစ်ဆေးကြကုန်လတ့ံ။

ရာဇာဒ္ဒေါ = မင်းခယောကျ်ား လုစာစားသည်။ နု အသိ=မဖြစ်ဘဲ ရှိပါ၏လော။ ဝေမှိ=ဤသို့လည်း။ ပုစ္ဆိသန္တိ = မေ မြန်း စစ်ဆေးကြကုန်လတ့ံ။

မာတာပိတူဟိ=အမိ အဘတို့သည်။ အနုညာတော=အခွင့်ပြုပြီးသော သူသည်။ အသိ=ဖြစ်ပါ၏လော။ ဝေမှိ=ဤသို့လည်း။ ပုစ္ဆိသန္တိ= မေးမြန်းစစ်ဆေးကြကုန်လတ့ံ။

ပရိပုဏ္ဏဝီသတိ ဂဿော = ပဋိသန္ဓေ တည်နေသည်မှ စ၍ရေတွက် အသက်နှစ်ဆယ် ပြည့်ဖြိုးကြွယ်သည်။ အသိ=ဖြစ်ပါ၏လော။ ဝေမှိ=ဤသို့လည်း။ ပုစ္ဆိသန္တိ=မေ မြန်းစစ်ဆေးကြကုန်လတ့ံ။

တေ=သင် ပဉ္စင်းလောင်းအား။ ပတ္တစီဝရံ=သပိတ် သင်္ကန်းသည်။ ပရိပုဏ္ဏံ=ပြည့်စုံပါ၏လော၊ ဝေမှိ=ဤသို့လည်း။ ပုစ္ဆိသန္တိ= မေးမြန်း စစ်ဆေးကြကုန်လတ့ံ။

တုံ=သင်သည်။ ကိ နာမော=အဘယ်အမည်ရှိသည်။ အသိ=ဖြစ်ပါသနည်း။ ဝေမှိ=ဤသို့လည်း။ ပုစ္ဆိသန္တိ=မေးမြန်းစစ်ဆေးကြကုန်လတ့ံ။

တေ=သင် ပဉ္စင်းလောင်း၏။ ဥပဇ္ဈာယော=ဥပဇ္ဈာယ်ဆရာသည်။ ကော နာမော၊ အဘယ်အမည်ရှိပါသနည်း။ ဝေမှိ=ဤသို့လည်း ပုစ္ဆိသန္တိ=မေးမြန်းစစ်ဆေးကြကုန်လတ့ံ။

သင်ကြားခြင်းကိစ္စ

ပဉ္စင်းလောင်း သိရန်နှင့် သင်ကြားခြင်းကိစ္စ၌ မေးခြင်း ဖြေခြင်း မဟုတ်သေး၍ နှစ်ကိုယ်ကြား သင်ကြားပေးရမည်။

ဥတ်ဖြင့် သံဃာ့ဘောင်သို့ ပြန်သွင်းခြင်း

ဥတ်ဖြင့် သံဃာ့ဘောင်သို့ ခေါ်ဆောင်လိုက်သောအခါ "အာဂစ္ဆာဟိဘိ ဝက္ခဖွေဝေ" ဟူသော ဝိဓိကို မဆိုသော်လည်း ဖြစ်၏၊ သံဃာကို ဥတ်ဖြင့် သိစေပြီးမှ ခေါ်ဆောင်ခြင်း ပြုရမည်။

ရဟန်းအဖြစ်ကို တောင်းခြင်း

သံဃာအား ရဟန် အဖြစ်ကို တောင်းပန်ရာ၌ ကိုယ်တိုင် ကိုယ်ကျ တောင်းပန်ခြင်း သာ အသင့်မြတ်ဆုံ ဖြစ်သည်။

ဘန္တေ—အရှင်ဘုရားတို့။ အဟံ—အကျွန်ုပ်သည်။ သံဃံ=သံဃာတော်ကို။ ဥပသမ္ပဒံ=ပဉ္စင် အဖြာဖြာကို။ ယာစာမိ=တောင်းပန်ပါ၏။

ဘန္တေ=အရှင်ဘုရားတို့။ သံဃော=သံဃာတော်သည်။ မံ=အကျွန်ုပ်ကို။ အနုကမ္ပံ=သနားစောင့်ရှောက် ချီးမြှောက်ကယ်မခြင်းကို။ ဥပါဒါယ=အစွဲပြု၍။ ဥလ္လုမ္ပတု=သီလသိက္ခာ သေဘယ်စွာသော သာမဏေအပြစ်မှ နှုတ်ရာနှုတ်ဆယ် ဒုနတ်သွယ်သိက္ခာ ကြီးမြတ်စွာသော သာသနာထမ်း ရဟန်းတော်အဖြစ်သို့ ထုတ်ဆယ် ကယ်တင်တော်မူပါဘုရာ ။

ဒုတိယမွိ=နှုတ်ကြိမ်မြောက်လည်း ။ပ။ ဥလ္လုမ္ပတု=ကိလေသာဟူ တက္ကာမြေးရစ် ပြုအညစ်မှ အဆစ်စဲ့ ပုလဲအသွင် ပြုစင်သန့်ရှင်းသော ကုသိုလ်အဖို့သို့ ထုတ်ဆယ် ကယ်တင်တော်မူပါဘုရား။

တတိယမွိ=သုံးကြိမ်မြောက်လည်း ။ပ။ ဥလ္လုမ္ပတု = သံသရာသမုဒ် ဝဲဇလုပ်မှ ပမုတ္တိခေါ် ကောင်းကျိုးပေါ်သို့ ထုတ်ပေါ် ဆယ်တင်တော်မူပါဘုရား။

မေးမြန်း ဝန်ခံခြင်း

နာဂ=အာဂုံ နကရောဟိ-အစရှိသော ဗျူပ္ပတ္တိဝေါဟာ ဘလွန်သာ၍ မင်္ဂလာပညတ် ဒဲ့မည်တင်သည့် သူမြတ်ပြဂ္ဂ မောင်နာဂ။ မေ-မမ=ငါ၏။ ဝဒနံ=စကားကို။ သုဏာဟိ=ဒေဒစ့်နာပါခဲလော။ အယံ-ဤအာဒါသည်ကား။ ဘော=အဒမာ၏။ သုဏာဟာလော=မဆွေမလှန့်

အမှန်ကိုသာ လျှောက်ထားရမည့် အခါကာလဖြစ်ပေသည်။ ဘူတကာလော=မပိုမယုတ် အဟုတ်ကိုသာ လျှောက်သာ ရမည့် အခါကာလ ဖြစ်ပေသည်။ ယံ=အကြင် ကုဋ္ဌ, ဂဏ္ဍ—စသော အန္တရာယ်က ခမ္မတို့၏ ရှိ-မရှိ ဟူသော သဘောသည်။ ဇာတံ=သင့်ဝယ်ဖြစ်၏။ ဟံ=ဆို ကုဋ္ဌ, ဂဏ္ဍ-စသော အန္တရာယ်က မမ္မတို့၏ ရှိ-မရှိသဘောကို။ ပုစ္ဆာမိ=မေးမြန်းပါ၏။ သန္တံ=ဆင်ရှားရှိပါမူကာ ။ အတ္ထိတိ=ရှိပါပေသည်ဘုရား ဟူ၍။ ဝတ္တဗ္ဗံ = အမော် လျှောက်ထားရခါမှ်မည်။ အသန္တံ = ထင်ရှားမရှိပါမူကား။ နတ္ထိတိ = မရှိပါဘုရားဟူ၍။ ဝတ္တဗ္ဗံ = အမော် လျှောက်ထားရခါမှ်မည်။

၁။ တေ=အမောင်အား။ ဇဝရူပါ=ဉာဏ်သို့သဘောရှိကုန်သော။ အာဗာဓာ = အနာကြီး ငါးမျိုးတို့သည်။ သန္တိ = ရှိပါကုန်သလော။

(က) ကုဋ္ဌ-ကိုယ်အင်္ဂါလက် အကုန်ပျက်သော သမင်လျက် ဂုနာမျိုးသည်။ အတ္ထိ-ရှိပါသလော။
ဘန္တေ=အရှင်ဘုရား။ နတ္ထိ=မရှိပါ။

(ခ) ဂဏ္ဍော=နှစ်ရှည်ကြာ၍ ဆေးမတွေ့ဘဲ ယနေ့ထက်တိုင် ပြည့်အိုင်သွေးပုတ် မစဲထွက်သော အိုင်းပျက်အနာမျိုးသည်။
အတ္ထိ=ရှိပါသလော။
ဘန္တေ=အရှင်ဘုရား။ နတ္ထိ=မရှိပါ၊

(ဂ) ကိလာသော = နွားပျောက် နွားကျား အလားတူလျက် အရေပျက်၍ အကွက် အကွင်း ထင်တုံလျှင်းသော ပွေးညှင်းတင်းတိတ် အနာမျိုးသည်။ အတ္ထိ=ရှိပါသလော။
ဘန္တေ=အရှင်ဘုရား။ နတ္ထိ=မရှိပါ။

(ဃ) သောသော = တဖြေး တဖြေး အသွေး အသား ကုန်ခမ်းငြား၍ ခေါင်းပါးဆုတ်ယုတ် ခယရုဂ် ချောင်းဆိုး ပန်းနာမျိုးသည်။ အတ္ထိ=ရှိပါသလော။
ဘန္တေ=အရှင်ဘုရား။ နတ္ထိ=ရှိပါ။

(c) အပမာဏော = ဝက်ရူး ကြက်ရူး သည်းခြေရူးနှင့် မေ့မူးချွတ်ယွင်း သတိကင်းသော အနာမျိုးသည်။ အတ္ထိ = ရှိပါသလော။

ဘန္တေ=အရှင်ဘုရား။ နတ္ထိ=မရှိပါ။

၂။ တုံ = သင် ပဉ္စင်းလောင်းသည်။ မနုဿော = ငြဟ်၁, သိကြား, နဂါး, ဂဠုန်, ကုမ္ဘကဏ်မဖြစ် လူစင်စစ်သည်။ အသိ = မှန်ပါ၏လော။

ဘန္တေ=အရှင်ဘုရား။ အာမ=လူသားစင်စစ် မှန်ပါ၏။

၃။ တုံ=သင် ပဉ္စင်းလောင်းသည်။ ပုရိသော=ယောကျ်ားစင်စစ်သည်။ အသိ=မှန်ပါ၏လော။

ဘန္တေ=အရှင်ဘုရား။ အာမ=ယောကျ်ားစင်စစ် မှန်ပါ၏။

၄။ တုံ=သင် ပဉ္စင်းလောင်းသည်။ ဘုဇိဿော၊ သူ့ကျွန်မဖြစ် စင်စစ်တော်လှန် သူကောင်းမှန်သည်။ အသိ=ဖြစ်ပါ၏လော။

ဘန္တေ=အရှင်ဘုရား။ အသိ=သူကောင်းမှန်ပါ၏။

၅။ တုံ=သင် ပဉ္စင်းလောင်းသည်။ အဏဏော = သူ့မြီသူ့ကြွေး ချေးငှါးမတင် သန့်ရှင်းစင်သည်။ အသိ=ဖြစ်ပါ၏လော။

ဘန္တေ=အရှင်ဘုရား။ အာမ=သူ့မြီသူ့ကြွေး ချေးငှါးမတင် သန့်ရှင်းစင်သည် မှန်ပါ၏။

၆။ တုံ=သင် ပဉ္စင်းလောင်းသည်။ ရာဇဘဋ္ဌော=မင်းခယောကျ်ား လစာစားသည်။ နု အသိ=မဟုတ်ဘဲ ရှိပါ၏လော။

ဘန္တေ=အရှင်ဘုရား။ အာမ=မင်းခယောကျ်ား လစာစားမဟုတ်သည် မှန်ပါ၏။

၇။ တုံ့=သင် ပဉ္စင်းလောင်းသည်။ မာတာပိတူပါ=အမိအဘကိုသည်။ အဒုညာတော=အဋ္ဌးအညတ် အခွင့်လွတ်အပ်သော်သူသည်။ အသိ=ဖြစ်ပါ၏လော။

ဘန္တေ=အရှင်ဘုရား။ အာမ=အမိ အဘ ခွင့်ရသောသူ မှန်ပါ၏။

၈။ တုံ့=သင် ပဉ္စင်းလောင်းသည်။ ပရိပုဏ္ဏ ဝီသတိ ဝဿော = ပင့်သန္ဓေ တည်နေသည်မှ စ၍ရေတွက် နှစ်-လ-ရက်ဖြင့် အသက်နှစ်ဆယ် ပြည့်ဖို့းကြွယ်သည်။ အသိ=ဖြစ်ပါ၏ခေလော။

ဘန္တေ=အရှင်ဘုရား။ အာမ=အသက်နှစ်ဆယ် ပြည့်ဖို့းကြွယ်သည် မှန်ပါ၏။

၉။ တေ=သင် ပဉ္စင်းလောင်းအား။ ပတ္တစီဝရံ=သပိတ်သင်္ကန်းသည်။ ပရိပုဏ္ဏော=ပြည့်စုံပါ၏လော။

ဘန္တေ=အရှင်ဘုရား။ အာမ=ဩော်....ပြည့်စုံပါ၏။

၁၀။ တုံ့=သင် ပဉ္စင်းလောင်းသည်။ ကိန္နာမော=အဘယ်အမည်ရှိသည်။ အသိ=ဖြစ်ပါသနည်း။

ဘန္တေ=အရှင်ဘုရား။ အဟံ=ဘပည့်တော်သည်။ နာဂေါ နာမ=နာဂဟုသော အမည်ရှိပါ၏။

၁၁။ တေ=သင် ပဉ္စင်းလောင်း၏။ ဥပဇ္ဈာယော=ဥပဇ္ဈာယ်ဆရာသည်။ ကော နာမော=အဘယ်အမည် ရှိပါသနည်း။

ဘန္တေ=အရှင်ဘုရား။ မေ = အာကျန်ပ်၏။ ဥပဇ္ဈာယော = ဥပဇ္ဈာယ်ဆရာသည်။ အာယသ္မာ တိဿတ္ထေရော နာမ= အရှင်
တိဿမထေရ် အမည်ရှိပါ၏။

ရဟန်းအဖြစ်ကိုဖြူဖြဴးပစေနကိစ္စ

ဥပသမ္ပဒါ ကမ္မဝါစာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဌမ ဥတ်အစိအရင်

၁။ သုဏာတု မေ ဘန္တေ သံဃော၊ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏဿ ပတ္တစီဝရံ၊ နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော နာဂံ ဥပသမ္ပာဒေယျ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ဧသော ဉတ္တိ။

ဒုတိယ ကမ္မဝါစာအစိအရင်

၂။ သုဏာတု မေ ဘန္တေ သံဃော၊ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏဿ ပတ္တစီဝရံ၊ နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သံဃော နာဂံ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဿာယသ္မတော ခမတိ နာဂဿ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

တတိယ ကမ္မဝါစာအစိအရင်

၃။ ဒုတိယမ္ပိ တေမတ္ထံ ဝဒါမိ၊ သုဏာတု မေ ဘန္တေ သံဃော ။ပ။ သော ဘာသေယျ။

စတုတ္ထ ကမ္မဝါစာအစိအရင်

၄။ တတိယမ္ပိ တေမတ္ထံ ဝဒါမိ၊ သုဏာတု မေ ဘန္တေ သံဃော ။ပ။ သော ဘာယေယျ။

ကမ္မနိဒ္ဒေသ အချုပ်စကား

၅။ ဥပသမ္မန္နော သံဃေန နာဂေါ အာယသ္မတော တိဿေန ဥပဇ္ဈာယေန၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

ဤသို့လျှင် ငါးရပ် ငါးချက်သော အစီရင်တို့ကို ဟောတော်မူသည်။

ဥပသမ္ပဒ ကမ္မဝါစာ ပြီး၏။

ဥတ်စိစစ်ချက်

အကျယ်ဖြန့်အံ့၊ ဤငါးပုပ် ငါးချက်သော အစီရင်တို့ကို ပတ်ရွတ်မည်ဖြစ်သောအခါ သိမ်အပြင်၌ ရှိသမျှသော သံဃာတို့ကို တပါးနှင့်တပါး နီးသည်ထက် နီးအောင် ချဉ်းကပ်ရာ၏။

အဘယ်ကြောင့်နည်းဟူမူ- ထိုသံဃာတို့၏အတွင်း၌ ရဟန်းမဖြစ်ခဲ့သောသူ, ရဟန်းအဖြစ်မှ ကျောက်သောသူ ပါခဲ့သော် ထိုသူအတွက်နှင့် ဟတ္ထပါသ်ကွာခြင်း ဖြစ်ရာသောကြောင့်တည်း၊ ပျက်ပယ်ရာ၌သည်း သာမန်ပုဂ္ဂိုလ်ကို ပတ်ရွတ်စေခြင်းငှါ မအပ်။

ကမ္မဝါစာပတ် ပုဂ္ဂိုလ်၏ အင်္ဂါ

၁။ ကောင်းကောင်းတတ်သော ဆရာ၏ အတိမှ ဥာန်, ကပ်ကော်, ပယတ် အစီအရင်နှင့်တကွ ကျက်မှတ်ထား ခြင်း။

၂။ ဥတ်ကမ္မဝါဒ်ပါသော ပုဒ် ပါဠိ အက္ခရာတို့ကို ရပြီးသည်နှင့်မခြား ညက်ညက်သွားအောင် သုတ်တက်ရခြင်း ဤအ ၂-ချက်ကို ပြည့်စုံမှ ကမ္မဝါဖတ်ရမည်။

သုဏာတု မှာ လျာဖျားနှင့် ဒန္တဌာန် ပွင့်ပွင့်ပြု၍ ရွတ်၊ ငါတို့ လူမျိုးတို့ "သ" ရွတ်ပုံ တမျိုး၊ အနောက်နိုင်ငံသားတို့မှာ "သ" ကို "ဆ" ဟု ရွတ်ကြသည်၊ ပယတ်ခဲ့ချက်နှင့် ညီညွတ်သကဲ့သို့ ရှိပေသည်။

စ, ဆ, ဇ, ဈ-ကိုလည်း ကျ, ချ, ဂျ, ဈျ-ဟု ရွတ်ကုန်သည်၊ လျာလယ် ကရိက်း ထင်ရှာ လှုပသည်၊ ငါတို့ ရွတ်ပုံအလို ဝဂ္ဂ ငါးလုံးမှာ ဇိဝှဂ္ဂကရိက်း အားကြီးကုန်သည်။

"ဏာ"ကို•ရွတ်ဆိုသောအခါ လျာကို အထက်သို့ ပင့်ချီ၍ "ဏာ"ဖြစ်အောင်ရွတ်၊ လျာဖျားကို သွားမှာခိုက်၍ ရွတ်မိလျှင် န-ငယ် "နာ"သာ ဖြစ်မည်၊ န-ငယ်သံ, ဏကြီးသံ သိသာ ထင်ရှား ခြားနားအောင် မရွတ်တတ်သေးလျှင် ကမ္မဝါစင်သို့ ဝင်ခြင်းငှါ မထိုက်၊ ဝင်ခဲ့လျှင် ကံကို ဖျက်ဆီးလို၍ ဝင်သည်မည်၏။

"တု"အက္ခရာကို ရွတ်ဖတ်မည်ရှိသောအခါ ဌာန်, ကရိယာ,ပယတ်ကို သိ၍ ရွတ်ရမည်၊ ဌာန်, ကရိယာ, ပယတ်ကို မသိမူ၍ ရွတ်သော် မုဒ္ဒဌာန် ဇီဝေါပဂ္ဂ ကရိယာများနှင့် ရွတ်မိလျှင် ဋ္ဌသံလျင်းချိတ် ဋ္ဌ-အက္ခရာသာ ဖြစ်မည်၊ တဝမ်းပူ တု-အက္ခရာ မဖြစ်၊ ဋ္ဌသံလျင်းချိတ် ဋ္ဌ-အက္ခရာ "သုဏာဋ္ဌ"ဟု ဖြစ်လျှင်လည်း သဘာဝနိရုတ္တိ အက္ခရာပျက်သောကြောင့် ကံပျက်မည်၊ "တု"မှာ လျာဖျားနှင့် သွားထိအောင် ပြု၍ရွတ်။

ဗုဒ္ဓုပ္ပါဒ သမယ မည်သည် ကမ္ဘာအသင်္ချေကြာမှ တခါ တခဏသာ ဖြစ်နိုင်သည်၊ ထိုခဏနှင့် ကြုံကြိုက်ကြသူ တယောင်၊ တသိန်းတွင် တယောက် တလေမျှသာ ပဗ္ဗဇိတ သမယကို ရနိုင်သည်၊ သို့ဖြစ်၍ သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးကောင်းသား တယောက်သည် ရပြီး ရဆဲ ရလတ့ံသော မနုဿသမ္ပတ္တိတို့ကို အကုန်လုံးစွန့်၍ ,ပဗ္ဗဇိတ ဒုလ္လဘကို ရခြင်းငှါ ရဟန်းပြုပါသည်။

သို့ပါလျက် ကမ္မဝါစာ ရွတ်ဖတ်သော ဆရာက အထည်အဝါသာ ကြီး၍ ဌာန်, ကရိယာ, ပယတ် ဗျည္ဇနဗုဒ္ဓိအရာများကို မသိလေသောကြောင့် တဝမ်းပူနှင့် ဋ္ဌသံလျင်းချိတ်၊ ထဆင်ထူးနှင့် ဌဝင်ပဲ၊ ဒတွေးနှင့် ဥသံကောက်၊ ဓ-အောက်ချိုက်နှင့် ဃ-ရေမူတ်၊ န-ငယ်နှင့် ဏ-ကြီး၊ ယ-ငယ်နှင့် ရ-ကြီး၊ လ-ငယ်နှင့် ဠ-ကြီးတို့ကို ဌာန်, ကရိယာ ကွဲပြားကြသည့်အတိုင်း အသံကွဲအောင် ဖတ်နည်း ရွတ်နည်းကို မသိမလိမ္မာသောကြောင့် ရတနာအပြည့်တင်သော သုံးပင်တိုင် သဘော်ကြီးကို မျောက်စေတိသကဲ့သို့ "သုဏာတု" တခွန်းနှင့်ပင် ပဗ္ဗဇိတ ဒုလ္လဘ အချက်ကြီးကို ဖျက်ဆီး၍ ပစ်တတ်သည်။

ဘန္တေ "ဘန္တေ"မှာ စတုတ္ထက္ခရာ ဘကုံးသံဖြင့် "ဘ်ဟန်တေ"ဟု ဟိန်းသံပါအောင် ရွတ်။

"၈, ၉, ၃, ၀" တတိယအက္ခရာစုသည် သိထိလစု ဖြစ်သည်။

"ဃ, ဈ, ဇ, ဓ, ဘ" စကုတ္ထအက္ခရာစုသည် ဓနိတစု ဖြစ်သည်။

သိထိလ စုကို ရွတ်သောအခါ ပင်ကိုယ် ပယောဂနှင့် လျော့လျော့ညှင်းညှင်း ရွတ်ရမည်။

ဓနိတ စုကို ရွတ်သောအခါ ပြင်းထန်သော ပယောဂနှင့် ရွတ်ရမည်၊ သို့သော် အလွန်အမင်းကြီး မ အာ်ရ။

သံဃော "သံ"ကို ရွတ်ဆိုသောအခါ ခံတွင်းပေါက်ကို လုံစွာပိတ်မှ နိဂ္ဂဟိတ်သံ ပြီသသည်၊ အပိတ် စာလွန်းလျှင် "သံ"ဗျည်း အပြီနဲ့၍ ဝဆွဲသံ ဖြစ်တတ်သည်၊ အပိတ်နှောင်းလျှင် နိဂ္ဂဟိတ်သံ နှာက်ကျ၍ မ-ကာရန္တပုဒ် ဖြစ်နေတတ်သည်။

နိဂ္ဂဟိတ်သည် အ, ဣ, ဥ, သုံးလုံး၌ မှီနေရသောကြောင့် အ-နှင့် ဗိန္ဒု အသံမပြတ် တစပ်တည်း ရွတ်ရမည်၊ မ-ကာရ ရွတ်သောအခါ ဓ(မ်) ဟု ဓ-နှင့်မ် အနည်းငယ်ပြတ်၍ ရွတ်ရမည်။

အနောက်နိုင်ငံသားတို့မှာ ဗျည်းသံသက်သက်ကို ရွတ်ရိုးထုံးစံ ရှိနေသောကြောင့် ရွတ်ဖတ်တတ်ကြသည်။

"ဃော"ကို ရွတ်သောအခါ အတွင်းဂျာန်နှင့် ဟိန်းသံပါအောင် "ဃ်ဟော"ဟု ရွတ်။

တတိယ'ဂ'ကို လည်ပင်း အထက်အဖို့နှင့် ရွတ်ရသည်။

စတုတ္ထ'ဃ'ကို လည်ပင်း အောက်အဖို့နှင့် ရွတ်ရသည်၊ အသံ နက်သည်၊ ဟိန်းသံပါသည်။

အယံ နာဂေါ 'အယံ'မှာ နိဂ္ဂဟိတန္တ နေရာကျအောင် ဖတ်။

'နာ'ကို နှ-ငယ်နှင့် "နာ" သွားသံပါအောင် ရွတ်၊ ဏကြီးနှင့် "ဏာ" လိုင်သံပါအောင် မရွတ်နှင့်။

"နာဂေါ" ဟူသော ဒီဃကို "နဂေါ"ဟု ရဿပြု၍ ရွတ်ခြင်းငှါ မသင့်။

"ဂ,ဃ" တို့မှာ ညှင်းညှင်း ရွတ်ဆိုမှု, တင်းတင်း ရွတ်ဆိုမှု, ဟိန်းသံပါမှု, မပါမှု ဟူသော ဝစီပယောဂမျှသာ ထူးကြကုန်သည်၊ "သံဃော" ကို ရွတ်ဆိုသည့်အတိုင်း ဟိန်းသံပါအောင် ရွတ်တတ်ကြသည်။ (သတိပြု)

အာယသ္မတော တိဿသ “ယ” နောင် “သ္မ” ဟူသော နှလုံးတွဲ ရှိနေသောကြောင့် “ဒုမှိ ဂရု”ဟူသော စည်းကမ်းအတိုင်း “အာယတ်သ္မတော”ဟု ဖတ်။

အချို “သ္မ” ဝယ် သ-နှင့် မ-သည် ဌာန်စွဲဖြစ်သောကြောင့် “ဒုမှိ ဂရု” စည်းမျဉ်းမဝင်ဟု ဆိုကြ၏။

ဥပသမ္မဒါပေက္ခော (ဥပသမ္မဒါပေခေါ) ဤသို့ ခ-ဗျည်းနှင့် ၊ ယှဉ်ရာတို့၌ ရုပ်ဆန်း ရုပ်ပြား အလွန်များခဲ့သည်၊ “ဥပသမ္မဒါပေက္ခော-ဥပသမ္မဒါပေခေါ”ဟူသော ဂရု,လဟုတို့၌ အချင်းချင်း အပြန်အလှန်ရသည်။

တိဿသ ဥပသမ္မဒါ ပေခေါ၊ ဤသို့ အဖြတ်မှားတတ်သည်၊ အထူးသတိပြု။

ပရိသုဒ္ဓေါ ဤ၌ စတုတ္ထ ‘ဓ’ သံပါအောင် “ပရိသုဓ်ဟော” ဟု ဖတ်၊ ဒ့တွေးသံ မပေါ်စေနှင့်၊ ဓ့အောက်ခြိုက်သံ ဒတွေးသံ တို့ကို သိသာထင်ရှား ခြားနားအောင် မဖတ်တတ်သေးလျှင် ကမ္မဝါခွင်သို့ ဝင်ခြင်းငှါ မထိုက်၊ ဝင်ခဲ့လျှင် ထိုက်ကို ဖျက်ဆီးလို၍ ဂင်သည်မည်၏။

အန္တရာယိကေဟိ ဤ၌ တ-ကို ဒ-တွေးသံ ဆိုမိတတ်ကြ၏၊ ဒန္တ တ-ဝမ်းပူသံ ပြီသအောင်ရွတ်။
ဓမ္မေဟိ ဤ၌ ဓမ်ကို မ-ကာရန္တ ပြီသအောင် လှလှဖွင့်၍ ရွတ်၊ နာသိကဌာန်၌ဖြစ်သော မ်-အက္ခရာ နှောင်းသောကြောင့် (ဓမ်)သည်လည်း နိဂ္ဂဟိတန္တဖြစ်၍ သွားတတ်သည်။

ပရိပုဏ္ဏာသ “ပရိပုန္နသ”ဟု ဖတ်တတ်သည်၊ “ဏ္ဏ” သံယုဂ်ရှိသောကြောင့် “ဒုမှိ ဂရု” စည်းမျဉ်းအရ ရှေ့က “ပု”ကို လေးလေးဖတ်၊ “ပုံ”လိုလိုသင်္ဂရ၏၊ ဏသ-၌ “ဏ”ကို ရွတ်သောအခါ ဒန္တ “သ” နှင့် နီး၍ ဏ-ကြီးမစစ် န-ငယ် ဖြစ်သွားတတ်သည်၊ ဏ-ကြီးသံ ထင်ရှားအောင် အားသုတ်၍ဖတ်။

ပရိပုဏ္ဏသ-၌ ပရိပုဏ္ဏံ အသ-ဟု ဖြတ်။ အသ=ဤရဟန်းလောင်း၏။ ပတ္တစီဝရံ-၌-စပ်။

ဥပဇ္ဈာယေန 'ဇ္ဈ' သံယုဂ် နှောင်းသောကြောင့် ''ဒုမို ဂရု'' စည်းမျဉ်းအရ ''ဥပတ်စျိဟာဒယန'' ဟု ဖတ်။ ''ဥပစ်စျိဟာယေန''ဟု ဖတ်လည်း ''ဒုမို ဂရု'' စည်းမျဉ်း လွတ်မည်မထင်။

ပတ္တကလ္လံ ကလ်-မှာ မ-ကာရန္တ၊ လံ-မှာ နိဂ္ဂဟိတန္တ၊ နိဂ္ဂဟိတ်ကို ကြောင့်ကြစိုက်မှကြောင့် လ-ငယ် မစစ် ဥ-ကြီး ဖြစ်သွား တတ်ကြသည်၊ ဥ-ကြီးကား မုဒ္ဓ၊ လ-ငယ်ကား ဒန္တ်၊ အသံချင်း မတူကြ၊ လ-ငယ်သံ ထင်ရှားအောင် ဘွားသံပြု၍ ဖတ်ရမည်၊ ''ကလ်လံ'' ဟုဖတ်၊ အချို့က ''ကတ်လံ'' ဟု ဖတ်ကြသည်။ (ဝေဖန်)

ဥပသမွာဒေယျ ''ယျ'' ဒွေးဘော့် နှောင်းသောကြောင့် ''ဒေ'' ကို ရဿသံကဲ့သို့ ဆိုရမည်ဟု လာ၏။

''ကုစိ သံယောဂပုဗ္ဗာ ကောရောကာရာ ရဿာ လ္ဟဝ ဝုစ္စန္တေ။ ယထာ တ္ထော၊ သေယ္ယော၊ သြဒ္ဓော၊ သောတ္ထိ။ ကုစိတ္ထိ ကိံ၊ မဉ္ဇေ တံ နိက္ခိဏံ ဝနေ၊ ပုတ္တောတျာဟံ မဟာရာဇ။ (ရူပသိဒ္ဓိအလို)

မောဂ္ဂလာန်၌ကား သံယုဂ်နှောင်း ဧ-သြကို ရဿ ဧ-သြတို့၏ အသံ အတို အရှည်ကို အစွဲပြု၍ ရဿ ဒီဃ ခေါ်ဆိုရသည်၊ ထို့ကြောင့် ဧ-သုတိ သြ-သုတိ ရှိသော်လည်း သံယုဂ်နှောင်း၌ အသံ့တိုပေးလျှင် ရဿ ဆိုရမည်။ (မောဂ္ဂလာန် အလို)

ဧ-သြ တို့သည် သုတိအားဖြင့် ဒီဃမျိုးသာ ဖြစ်ကြသည်၊ သံယုဂ်နှောင်း၌ အသံ တိုသော်လည်း ရဿကဲ့သို့၊ ဝါ-ရဿလိုလို ဒီဃသာ ဆိုရမည်။ (ရူပသိဒ္ဓိ-သဒ္ဒနီတိတို့ အလို)

ကမ္မဝါစာ ''ဥပသမွာဒေယျ'' ၌ က ပဒ သံယုဂ်ဖြစ်ခဲ့၍ ''ဒေ'' ကို ရဿ သံလိုလို ဆိုရပေမည်၊ ထို့ကြောင့် ''ဥပသမွာဒေတ်ယျ''ဟုဖတ်။

အချို့ဆရာတို့ကား ''ဒေး''ဟု ဖတ်ကြကုန်၏၊ မာဂဓဘာသာမှာ ဝိဿဇ္ဇနီ မရှိသောကြောင် မကြိုက်ကြကုန်၊ ဒေဝါ သေနာသနပုဒ်တို့ကဲ့သို့ ပကတိအတိုင်း ဖတ်ကုန်၏၊ ထုတ်ပြခဲ့သော သဒ္ဒါကျမ်းတို့ကို မသိသူတို့၏ အကြိုက်သာတည်း။

အချို့ဆရာတို့ကား အောက်မြစ်သံနှင့် ''ဒေ့ယျ'' ဟု ဖတ်ကြကုန်သေး၏။

အခ္ဆိုဆရာတို့ကား ညသတ်သံနှင့် ဒညိယျ-ဟု ဖတ်ကြကုန်၏၊ နှစ်ပျါးလုံးပင် ရဿ-အရာမဟုတ်ပေ။ ရဿ-အရာ မဟုတ်သော်လည်း ကံပျက်မှု မဟုတ်။

ဤကား ဥတ်၌ စီစစ်ချက်တည်း။

ကမ္မဝါစာ စီစစ်ချက်

သော တုဏှဿ 'ဏှဿ' ၌ ရင်သံနှင့်တကွ "ဏ" ကြိုးသံ ပြိုသစ္စာ လိုင်သံပါခြင်းအာဒ်ရှတ်၊ သွားသံပြု၍ "နှ" ဟု မရွတ်နှင့်။ "သော တုံဏဿ" ဟု ရွတ်တတ်ကြ၏၊ မသင့်။ ဏှ-ကား ဏ-နှင့် ဟ-သံယုဂ်နှောင်းသောကြောင့် ရှေက တု-ကို "ဒုမှိ ဂရု" စည်းမျဉ်းအရ လေးလေးဖတ်၊ "ဏှ"ကို "ဏ်ဟ"ဟု ဖတ်။ ထို့ကြောင့် "သော တုဏ်ဟဿ"ဟု ဖတ်သောအခါ "တုံ" သံ ထင်ရသည်။

နကွမတိ, န ခမတိ နှစ်ချက်သင့်၊ နကွမတိ ဖတ်သောအခါ၌ 'ကွ'သံယုဂ်ကြောင့် 'န'ကို ခတ်လေးလေးဖတ်၊ 'နက်ခမတိ"ဟုလည်း ဖတ်တတ်ကြ၏၊ မသင့်။

မဗျည်း၌ ကမ္မရုပ်ဖြစ်၍ ဒွေးဘော်နှင့် လိုသည်ဟု ဆိုကြ၏၊ အရင်ရပ်သော ကမ္မဝါစာတို့၌ဌင်း၊ ဝိနည်းပါဠိတော်, သုတ္တန်ပါဠိတော်တို့၌ဌင်း ဒွေးဘော်နှင့် မတွေ့မြင်ဘူးရ။

သော ဘာသေယျ ဤ၌ "သော ဘာသေတ်ယျ" ဟု ဖတ်။ "ဘာသေးယျ" "ဘာသိယျ" "ဘာသည်ယျ"ဟု မဖတ်နှင့်၊ သောနှင့် တွဲ၍ "သောဘာ သေယျ" ဟုလည်း မဖတ်မိစေနှင့်၊ "သော ဘာသေယျ" တွင် ကမ္မဝါစာ ပြီးဆုံးသည်၊ ရပ်နားလိုလျှင် ဤတွင် ရပ်နားရမည်။

"ဒုတိယမ္မိ တေမတ္တံ ဝဒါမိ"ကား နောက် ဒုတိယ ကမ္မဝါစာ၏ အချီပေတည်း။ တတိယ ကမ္မဝါစာအဆုံး"သော ဘာသေယျ" တွင် ရဟန်းအဖြစ်သို့ရောက်သည်။

''ဥပသမ္ပဒန္နာ သံယေန''ကို အဓိကနဏ ခေါ်သည်၊ ရဟန်းအဖြစ်ပြီးသည်ကို ကြွေးကြော်သော စကားရပ်တည်း။ 'အခ္ခို့ဆရာတို့ကား' ထိုဝါကျကို တကြိမ်သာ ဖတ်ကြကုန်၏၊ ရှေးအစဉ်အလာတိုင်းသာ သုံးကြိမ်ဖတ်လေ။

တသွာ တုဏ္ဍို ''တုဏ္ဍို''ကို ရင်သံနှင့်တကွ ဏ-ကြီးပြိုစွာ''ဏ်ို''သံယုဂ်ကြောင့် ရှေက ''တု''ကို လေးလေးပြု၍''တုဏ်ဍို''ဟု ရွတ်၊ သုံးသံပြု၍ နှ-ငယ်နှင့် မရွတ်နှင့်။

တုဏ်ဍို သဒ္ဒါကို--

(၁) ဣရဿနှင့် ရွတ်ကြသူ၊

(၂) ဣဒိဿနှင့် ရွတ်ကြသူ၊

(၃) ရဿ, ဒီဃ နှစ်ထွေပြု၍ ရွတ်ကြသူ ဟူ၍ သုံးမျိုးရှိသည်၊ ဤကမ္မဝါစာတွင် 'တသွာ တုဏ်ဍို'၌ ပဌမာကျေသည်၊ ''နိန္ဒန္တိ တုဏ်ဍို မာသိနံ''အစရှိသော ဂါထာများ၌ ဇ-ဂိုဏ်းကြိုက်သော ရဿနေရာတွင် လာသောကြောင့် ရဿနှင့်သာ မှန်ပေရာသည်။

ဤကား ကမ္မဝါစာ စီစစ်ချက်တည်း။

ပဉ္စင်းဖြစ်သော အခါသမယကို ပြခြင်း

တာဝဒေဝ=သိုပဉ္စင်းလောင်းအဖြစ်သို့ ရောက်ပြီဟူ၍ဆိုထိုက်သော ဥတ္တိ စတုတ္ထ ကမ္မဝါစာ ပြီးဆုံးသော ခဏ၌သာလျှင်။ ဆာယား= အရိပ်ကို။ မေတဗ္ဗာ=နှိုင်းယှဉ် တိုင်းတာအပ်၏။ ဥတုပ္ပမာဏံ=ဥဘုအတိုင်းအရှည်ကို။ အာစိက္ခိတဗ္ဗံ=ကြားအပ်၏။ ဒိဝသဘာဂေါ=ပုဗ္ဗန္ဟ, မဇ္ဈန္ဟ-စသော နေ့အဖို့ကို။ အာစိက္ခိတဗ္ဗော=ကြားအပ်၏။ သင်္ဃတိ=ဒပါင်းရုံးသိမ်းအုပ် အချုပ်စာတမ်းကို။ အာစိက္ခိတဗ္ဗာ = ကြားအပ်၏။

ကောဇာသက္ကရာဇ် ၁၂၅၃-ခု၊ သာသနာ-၂၄၃၅-ခု၊ ဂိမှန္တဉတု မေထုန်ရာသီ ပထမ ဝါဆိုလဆန်း တရက်၊ နံနက် တချက်တီး အရိပ်ဘဝါး မည်မျှအချိန် မည်သည့်မြို့ရွာ မည်သည့်ကျောင်းတိုက် ခဏ္ဍသိမ်တွင် ''ဥပဇ္ဈာယ်ဆရာ မည်သူ, ပထမ ကမ္မဝါဆရာတော် မည်သူ မည်သူ ဒုတိယ ကမ္မဝါဆရာတော် မည်သူ မည်သူ၊ တတိယ ကမ္မဝါဆရာတော် မည်သူ မည်သူ၊ ကြွင်း ဂဏပူရဏ ကာရကသံဃာ မည်မျှတို့နှင့် မြင့်မြတ်သော ရဟန်းတော်အဖြစ်သို့ ရောက်သည်''ဟူ၍ အပြည့်အစုံ ပေါင်းဖွဲ့၍ သိကုံ၍ ကြားရမည်။

နိဿယ ၄-ပါးကို ကြားခြင်း

၁။ စတ္တာရော = လေးပါးကုန်သော။ နိဿယား=သာသနာထမ်း ရဟန်းပြုလုပ်သော သူတို့အား အားကိုး အားထား ကိုးစား မှီဝင်းရာတို့ကို။ အာစိက္ခိဘဗ္ဗာ=ခြေကြားအပ်ကုန်၏။

စတ္တာရိ=ခလေးပါးကုန်သော။ အကရဏီယာနံ=မပြုမကျင့်အပ်သော အမှုတို့ကို။ အာစိက္ခိတဗ္ဗာနံ=ခြေကြားအပ်ကုန်၏။

ပဌမ နိဿယ

အာဝုသော=ငါ့ရှင်ပဉ္စင်းသင်။ တေ=သင်ပဉ္စင်းသစ်၏။ ပဗ္ဗဇ္ဇာ=ရှင်ရဟန်းအဖြစ်သို့ ကပ်ရောက်ရခြင်းသည်။ ပိဏ္ဍိယာလောပဘောဇနံ=သလုံးသားဖြင့် အားဆုတ်၍ ရအပ်သော တလုပ်စာ တလုပ်စာမျှသော ဆွမ်းကို။ နိဿာယ=အားကိုးသမှု အမှီပြု၍။ ပဝတ္တာ=ဖြစ်ရချေ၏။ တသ္မာ=ဆို့ကြောင့်။ တဉ္ဆ=ဆိုသပိတ် လက်စွဲ၍ ဆွမ်းခံခြင်းအမှုဌ်။ တေ-တယာ=သင်ပဉ္စင်းသစ်သည်။ ယာဝဇီဝံ=အသက်ဆက်ဆုံး။ ဥဿာဟော=အားထုတ်ခြင်းအမှုကို။ ကရဏီယော=ပြုအပ်၏။

အတိရေက လာဘော = ရွှေးဘုန်း ရွှေးကံ ဆောင်ဖန်ချီးမြှင့်သော အခွင့်အလမ်းနှင့် ကြုံသဖြင့် ပိဏ္ဍိယာလောပ ဆွမ်းထက် ဘုန်းတန်းပိုလျှံ လာဘ်မျာ=ပြန်မူကား။ သံဃဘတ္တံ=ဘိုက်ရှိသံဃာ အကုန်ပါသော သံဃဘတ်မှ ရအပ်သောဆွမ်းကိုဌင်း။ ဥဒ္ဒေသဘတ္တံ=တိုက်ရှိသံဃာ အချို့ပါသော ဥဒ္ဒေသဘတ်မှ ရအပ်သော ဆွမ်းကိုဌင်း။ . နိမန္တနံ = တတ်နိုင်သလောက် ပင့်ဖိတ်လျှောက်၍

ကြွရောက်သံဃာ လှူဒါန်းပါသော နိမန္တနဘတ်မှ ရအပ်သော ဆွမ်းကိုဎင်း။ သလာကဘတ်္တ=စာရေးတံဆိပ်ကျရာ လှူဒါန်းပါသော သလာကဘတ်မှ ရအပ်သော ဆွမ်းကိုဎင်း။ ပက္ခိကံ=ဆန်း-ဆုတ်ပက္ခ နှစ်ကာလ၌ ကြည်ဆွသဒ္ဓါ လှူဒါန်းပါသော ပက္ခိကဘတ်မှ ရအပ်သော ဆွမ်းကိုဎင်း။ ဥပေါသထိကံ = လကွယ် လပြည့် ဥပုသ်နေ့၌ ကြည်ညိုမှုသဒ္ဓါ လှူဒါန်းပါသော ဥပေါသထိကဘတ်မှ ရအပ်သော ဆွမ်းကိုဎင်း။ ပါဋိပဒိကံ=ဥပုသ်ကျော်တက် နောက်တရက်၌ ထက်မြက်သဒ္ဓါ လှူဒါန်းပါသော ပါဋိပဒိကဘတ်မှ ရအပ်သော ဆွမ်းကိုဎင်း။ ဣမေ = ဤ ဖြ-ပါးသော သံဃိကဘတ် အပိုလာဘ်တို့ကို။ သာဒိတဗ္ဗာ=သာယာအပ်ကုန်သေး၏။

ဒုတိယ နိဿယ

၂။ အာဝုသော=ငါ့ရှင်ပဉ္စင်းသစ်။ တေ=သင်ပဉ္စင်းသစ်၏။ ပဗ္ဗဇ္ဇာ = ရှင်ရဟန်းအဖြစ်သို့ ကပ်ရောက်ရခြင်းသည်။ ပံသုကူလစီဝရံ= လူတွင်လုံးလုံး အသုံးမကျ စွန့်ပစ်ရသော ပံသုကူသက်န်းကို။ နိဿာယ = အားကိုးသမှု အမှီပြု၍။ ပဝတ္တာ = ဖြစ်ရခြေ၏၊ တာဒိ = ထို့ကြောင့်။ တတ္ထ=ထိုပံသုကူကို ကောက်ယူ ဆည်းစု ဝတ်ရုံမှု၌။ တေ-တယာ=သင် ပဉ္စင်းသစ်သည်။ ယာဝဇီဝံ=အသက်ထက်ဆုံ ။ ဥဿာဟော=အားထုတ်ခြင်း အမှုကို။ ကရဏီယော = ပြုအပ်၏။

အတိရေကလာဘော=ရွေးဘုန်းရွေးကံ ဆောင်ဖန်ချီးမြှင့် အခွင့်ထောက်ကူ၍ ပံသုကူသက်န်းထက် ဘုန်.ဘန်းပိုလျှံ လာဘ်များပြန်မူကား။ ခေါမံ=ခေါမနိုင်ငံ ရောမနိုင်ငံ၌ဖြစ်သော သက်န်းကိုဎင်း။ ဝါ- ခေါမမည်သော လျှော်အထူးဖြင့် ရက်သောသက်န်းကိုဎင်း။ ကပ္ပါသိကံ = ဝါချည်ဖြင့် ရက်သော သက်န်းကိုဎင်း။ ကောသေယျံ = ပိုးချည်ဖြင့် ရက်သော သက်န်းကိုဎင်း။ ကမ္မလံ = သားမွေးဖြင့်ပြီးသော ကမ္မလသာ သက်န်းကိုဎင်း။ သာဏံ = ပိုက်ဆံလျှော်ဖြင့် ရက်သောသက်န်းကိုဎင်း။ ဘင်္ဂံ=ဘန်ချည်ဖြင့်ရက်သော သက်န်းကိုဎင်း၊ ဝါ-ခေါမ စသော ချည်ငါးမျိုးတို့ကို ရောရှက်သော သက်န်းကိုဎင်း။ ဣမာနိ=ဤခြောက်မျိုးသော သက်န်းတို့ကို။ သာဒိတဗ္ဗာနိ=သာယာအပ်ကုန်သေး၏၊

တတိယ နိဿယ

၃။ အာဒုသော = ငါ့ရှင်ပဉ္စင်းသစ်။ တေ = သင်ပဉ္စင်းသစ်၏။ ပဗ္ဗဇ္ဇာ = ရှင်ရဟန်းအဖြစ်သို့ ကပ်ရောက်ရခြင်းသည်။ ဂုက္ခမူလ သေနာသနံ = သစ်ပင် တောချုံရင်းတည်းဟူသော အိပ်ရာ နေရာ အရိပ် အာဝါသကို။ နိဿာယ = အားကိုးသမူ အမှီပြု၍။ ပဝတ္တာ = ဖြစ်ရချေ၏။ တသ္မာ = ထို့ကြောင့်။ တတ္ထ = ထိုသစ်ပင်တောချုံရင်းတည်းဟူသော အိပ်ရာ နေရာကို သုံးဆောင်ခြင်းအမှုဌ်။ ဇော-တယာ = သင် ပဉ္စင်းသစ်သည်။ ယာဝဇီဝံ = အသက်ထက်ဆုံး။ ဥဿာဟော = အားထုတ်ခြင်းအမှုကို။ ကရဏီယော = ပြုအပ်၏။

အတိရေကလာဘော = ရွေးဘုန်းရွေးကံ ဆောင်ဖန်ထောက်ကူသဖြင့် ဂုက္ခမူလ ကျောင်းသခ်မ်းထက် ဘုန်းတန်းပိုလျှံ လာဘ်များပြန်မူကား။ ဝိဟာရော = နှစ်ဘက်အမိုးရှိသော ကျောင်းကိုဌင်း။ အဓ္ဓယောဂေါ = တဖက်အမိုးရှိသော ကျောင်းကိုဌင်း။ ပါသာဒေါ = ပြာသာဒ်ရှည် နှစ်ထပ်တိုက်ကိုဌင်း။ ဟမ္မိယံ=ပြာသာဒ်ဦးပြည့် တထပ်တိုက်ကြီးကိုဌင်း။ ဂုဟာ=ဂူကိုဌင်း။ လ္ဂေမေ=ဤအရိပ်အာဝါသတို့ကို။ သာဒိတဗ္ဗာနိ = သာယာအပ်ကုန်သေး၏။

စတုတ္ထ နိဿယ

၄။ အာဝုသော=ငါ့ရှင်ပဉ္စင်းသစ်။ တေ=သင်ပဉ္စင်းသစ်၏။ ပဗ္ဗဇ္ဇာ=ရှင်ရဟန်းအဖြစ်သို့ ကပ်ရောက်ရခြင်းသည်။ ပူတိမုတ္တဘေသဇ္ဇံ= နွားနက်သေးဖြင့် ထုံအပ် စိမ်အပ်သော ဇီးဖြူ, သျစ်ရှား, သဖန်းခါးစသောဆေးကို။ ဝါ-နံနက်သေးဖြင့် ထုံအပ် စိမ်အပ်သော ဇီးဖြူ, သျစ်ရှား, သဖန်းခါးစသော ဆေးကို။ နိဿာယ = အားကိုးသမူ အမှီပြု၍။ ပဝတ္တာ = ဖြစ်ရချေ၏။ တသ္မာ = ထို့ကြောင့်။ တတ္ထ = အနံ့မကောင်း တဒေဟာင်းထောင်းထသော နွားနက်သေး, ဝါ-နံနက်သေးဖြင့် ထုံအပ် စိမ်အပ်သော ဇီးဖြူ, သျစ်ရှား, သဖန်းခါးစသော ဆေးကိုသာ သုံးဆောင်ခြင်းအမှုဌ်။ တေ-တယာ = သင်ပဉ္စင်းသစ်သည်။ ယာဝဇီဝံ = အသက်ထက်ဆုံး။ ဥဿာဟော = အားထုတ်ခြင်းအမှုကို။ ကရဏီယော = ပြုအပ်၏။

အတိရေကလာဘော = ရှေးဘုန်းရှေးကံ ဆော်ဖန်သမှု အကြောင်းပြု၍ ပူတိမုတ္တဆေးထက် လွန်ကဲပိုလုံ့ လာဘ်များပြန်မှုကား။ သပ္ပိ=ထောပတ်ကိုဆိုင်း။ နဝနီထုံ = ဆီဦးကိုဆိုင်း။ တေလံ = ဆီကိုဆိုင်း။ မဓု = ပျားကိုဆိုင်း။ ဖာဏိတံ = [illegible]ကိုဆိုင်း။ ဂုဏာဒိ = ဤဆေးငါးပါးတို့ကို။ သာဒိတဗ္ဗာနိ = သာယာအပ်ကုန်သေး၏။

နိဿယ လေးပါး ပြီး၏၊

အကရဏီယ ၄ ပါး

ပဌမ အကရဏီယ

၁။ ဥပသမ္ပန္နေန = မြင့်မြတ်သော အဖြစ်သို့ ရောက်ပြီးသော။ သတ္ထုနာ = ရဟန်းသည်။ အနုမတံသော = ဟုတ်သောအပိုင်းအခြား အားဖြင့်။ တိရစ္ဆာနဂတာယပိ = တိရစ္ဆာန်မင္ဆိသော်လည်း။ မေထုနဓမ္မော = မိန်းမ,ယောကျ်ား နှစ်ပါးအပြန်အလှန်ပြုကုန်သောသူတို့၏ ဥစ္စာဖြစ်သော အကျင့်ကို။ န ပဋိသေဝိတဗ္ဗော = မမှီဝဲအပ်။

ယော ဘိက္ခု = အကြင်ရဟန်းသည်။ မေထုနံ ဓမ္မံ = မိန်းမ,ယောကျ်ား နှစ်ပါးအပြန်အလှန်ပြုကုန်သော [illegible]၏ဥစ္စာဖြစ်သော အကျင့်ကို။ ပဋိသေဝတိ = မှီဝဲမိချေအုံ့။ သော ဘိက္ခု = ထိုရဟန်းသည်၊ အာသမဏော = ရဟန်းမဟုတ်သည်။ ဝါ-ရဟန် ဟု,ရဟန်းယောင်, ရဟန်းကြောင်, ရဟန်းယုတ်, ရဟန်းစုတ်, ရဟန် ပျက်သည်။ ဟောတိ = ဖြစ်၏။ အသက္ကျပုဂ္ဂိယော = သားကိုဝင်မ သ. ဖြစ်တော်မူသော မြတ်စွာဘုရား သားတော်မဟုတ်သည်။ ဝါ—သားဆိုး, သားယုတ်, သားစုတ်, သားညစ်သည်။ ဟောတိ = ဖြစ်၏။

သေယျထာပိ=နို့ငှက်ဆိုးစရာ ဥပမာ မည်သည်ကား။ သီသစ္ဆိန္နော=ဦးခေါင်းပြတ်ပြီးသော။ ပုရိသော = ယောကျ်ားသည်။ ကေန= ထိုပြတ်ပြီးသော ဦးခေါင်းနှင့်တကွ။ သရီရဗန္ဓနေန=ကိုယ်ကို စပ်ဆက်ပြန်သဖြင့်။ ဇီဝိတုံ=အသက်တဖန် ရှင်ပြန်ခြင်းငှါ။ အဘဗ္ဗော ယထာ=

မဆိုက်သကဲ့သို့။ ဝေမေဝ=ဤအတူသာလျှင်။ ဘိက္ခု= ရဟန်းသည်။ မေဘုနံ မမ္မံ = မိန်းမ,ယောကျ်ား ဒုစ်ဝါးအပူ တပ်ချင်းတူကုန်သော လူတို့၏ဥစ္စာဖြစ်သော အကျင့်ကို။ ပဂ္ဂဟေဝိတ္ဝာ = မှီဝဲပြီး၍။ ဝါ- မှီဝဲသောကြောင့်။ အသမဏော = ရဟန်းမဟုတ်သည်။ ဝါ-ရဟန်းတူ, ရဟန်းယောင်, ရဟန်းကြောင်, ရဟန်းယုတ်, ရဟန်းစုတ်, ရဟန်းပျက်သည်။ ဟောတိ = ဖြစ်၏။ အသက္ကပုတ္တိယော = သာကီဝင်မင်းသား ဖြစ်တော်မူသော မြတ်စွာဘုရား၏ သားတော်မဟုတ်သည်။ ဝါ-သားဆိုး, သားယုတ်, သားစုတ်, သားညစ်သည်။ ဟောတိ=ဖြစ်၏။ တံ= မေထုန် အကျင့်ကို။ တေ-တယာ = သင် ပဋ္ဌင်းသစ်သည်။ ယာဝဇီဝံ = အသက်ဆက်ဆုံး။ အကရဏီယံ = ပပြူမကျင့်အပ်။

ဒုတိယ အကရဏီယ

၂။ ဥပသမ္မန္နေန=မြင့်မြတ်သော အဖြစ်သို့ရောက်ပြီးသော။ ဘိက္ခုနာ=ရဟန်းသည်။ အန္တမသော=ယုတ်သော အပိုင်းအခြားအားဖြင့်။ ဘိဏှ သလာကံ=မြက်, ဝါးခြမ်းကို။ ဥပဂဒါယ = အစပြု၍။ အဒိန္နံ = အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတပါးဥစ္စာကို။ ထေယျသင်္ခါတံ=ခိုးတတ် စဉ်းလဲတတ်သော အမှုဟု ဆိုအပ်သော ဇောစိတ်အစုဖြင့်။ န အာဒါတဗ္ဗံ=မယူအပ်။

ယော ဘိက္ခု=အကြင်ရဟန်းသည်။ ပါဒံ ဝါ - ဆယ်မူးရေ ရှေ့စင် တမတ်ကိုငဲ့။ ပါဒါရဟံ ဝါ = ဆယ်မူးရေ ရှေ့စင် တမတ် ထိုက်တန်သော ကျိုယဘဏ္ဍာကိုငဲ့။ အတိရေကပါဒံ ဝါ = ဆယ်မူးရေ ရှေ့စင် တမတ်ထက်လွန်သော အကျိုယ ဘဏ္ဍာ, ဆယ်မူးရေ ရှေ့စင် တမတ်ထိုက်သော ဘဏ္ဍာထက်လွန်သော အဘိုးထိုက်တန်သော ကျိုယဘဏ္ဍာကိုငဲ့။ အဒိန္နံ=အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတပါးဥစ္စာကို။ ထေယျသင်္ခါတံ=ခိုးတတ် စဉ်းလဲတတ်သောသူ၏ အမှုဟုဆိုအပ်သော ဇောစိတ်အစုဖြင့်။ အာဒိယတိ= ခိုးယူမိအံ့။ သော ဘိက္ခု=ထိုရဟန်းသည်။ အသမဏော=ရဟန်းမဟုတ်သည်။ ဝါ- ရဟန်းတူ, ရဟန်းယောင်, ရဟန်းကြောင်, ရဟန်းယုတ်, ရဟန်းစုတ်, ရဟန်းပျက်သည်။ ဟောတိ=ဖြစ်၏။ အသက္ကပုတ္တိယော=သာကီဝင် မင်းသား ဖြစ်တော်မူသော မြတ်စွာဘုရား၏ သားတော် မဟုတ်သည်။ ဝါ- သားဆိုး, သားယုတ်, သားစုတ်, သားညစ်သည်။ ဟောတိ=ဖြစ်၏။

သေယျထာပိ=နိုင်းခိုင်းစရာ ဥပမာက ား။ ဗန္ဓနာ=အည့ာအဖဲ့မှ။ ပဟုတ္တော=ခက္ခကွလေပြီးသော။ ပ ္ပ ယလာသော သစ်ရွက် ပ ်သည်၊ ဟရိတတ္တာ=စိမ်းရွှင်ပြန်ခြင်းအကျိုးငှါ။ အဘဗ္ဗော ယထာ=မထိုက်လေသကဲ့သို့။ ဝဝမေဝ=ဤအတူပင်လျှင်။ ဘိက္ခ =ရဟန်းသည်။ ပါဒဲ ဝါ ဆယ်မူးရေ ရှေစင် တမတ်ကိုငင်း။ ပါဒဒါရဟံ ဝါ = ဆယ်မူးရေ ရှေစင် တမတ်ထိုက်တန်သော ကျိယာဘ ာကိုငင်း။ အတိရေကပါဒံ ဝါ=ဆယ်မူးရေ ရှေ့ငင် တမတ်ထက်လွန်သော အကပ်ိယဘဏ္ဍာ, ဆယ်မူးရေ ရှေစင် တမတ်ထိုက်သော ဘ ာဏ်ထက်လွန်သော အဘိုးထိုက်တန်သော ကပ်ိယဘဏ္ဍာကိုငင်း။ အဒိန္နံ = အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတပါးဥစ္စာကို။ ထေယျသံခါတံ= ခိုးတတ် စဉ်းလဲတတ်သော သူ၏ အမှုဟုဆိုအပ်သော ဇောစိတ်အစုဖြင့်။ အာဒိယိတ္တာ=ခိုးယူမိသည်ဖြစ်၍။ အသမကော=ရဟန်းမဟုတ်သည်။ ဝါ- ရဟန်းတို့, ရဟန်းယောင်, ရဟန်းကြောင်, ရဟန်းယုတ်, ရဟန်းစုတ်, ရဟန်းပျက်သည်။ ဟောတိ=ဖြစ်၏။ အာကျပုတ္တိယော = သာကီဝင်မင်းသား ဖြစ်တော်မူသော မြတ်စွာဘုရား၏ သားတော်မဟုတ်သည်။ ဝါ- သာ ဆိုး, သားယုတ်, သား စုတ်, သားညစ်သည်။ ဟောတိ = ဖြစ်၏။ တံ= ထိုသူတပါးဥစ္စာကို ခိုးယူခြင်း အမှုများကို။ တေ-တယ=သင် ပဉ္စင်းသစ်သည်။ ယာဝဇီဝံ=အ ယက်ထက်ဆုံး။ အကရဏီယံ = မပြုမကျင့်အပ်။

တတိယ အကရဏီယ

၃။ ဥပသမ္ပဇ္ဇေန = မြင့်မြတ်သော အဖြစ်သို့ရောက်ပြီးသော။ ဘိက္ခုနာ = ရဟန်းသည်။ သဉ္ဇိစ္စ = ဝဓကစေတနာနှင့်တကွ စေ့ဆော် အားထုတ်၍။ အန္တမသော=ယုတ်သော အပိုင်းအခြားအား ဖြင့်။ ကုန္ထကိပိလ္လိကံ=ခြပုံး, ပိုးခွက်ကို။ ဥပါဒါယ=အစပြု၍။ ပါစော= သတ္တဝါကို။ ဇီဝိတာ=ဇီဝိတိန္ဒြေမှ။ န ဝေါရောပေတဗ္ဗော = မချအပ်။

ယော ဘိက္ခု = အကြင်ရဟန်းသည်။ သဉ္ဇိစ္စ = ဝဓကစေတနာနှင့် တကွ စေ့ဆော်အားထုတ်၍။ အန္တမသော = ယုတ်သော အပိုင်းအခြားအား ဖြင့်။ ဂဗ္ဘပါတနံ = ကိုယ်ဝန်ချခြင်းအမှုကို။ ဥပါဒါယ = အစပြု၍။ မနုဿဝိဂ္ဂဟံ=လူဇာတ်ရှိသောသူ၏ ကိုယ်ကောင်ကို။ ဇီဝိတာ = ဇီဝိတိန္ဒြေမှ။ ဝေါရောပေတိ = ချမိအံ့။ သော ဘိက္ခု =ထိုရဟန်းသည်။ အသမကော = ရဟန်းမဟုတ်သည်။ ဝါ – ရဟန်းတို့,

ရဟန်းယောင်,ရဟန်းကြောင်,ရဟန်းယုတ်,ရဟန်းစုတ်,ရဟန်းပျက်သည်။ ဟောတိ = ဖြစ်၏။ အဆကျပုတ္တိယော=သာကီဝင်မင်းသားဖြစ်တော်မူသော မြတ်စွာဘုရား၏ သားတော်မဟုတ်သည်။ ဝါ- သားဆိုး,သားယုတ်,သားစုတ်,သားညစ်သည်။ ဟောတိ = ဖြစ်၏။

သေယျထာပိ နာမ = နှိုင်းခိုင်းစရာ ဥပမာကား။ ဘုရာ = ဘုန်ဖို့ နှစ်ကုန်။ ဘိန္နာ = ကွဲလေပြီးသော။ ပုထုသိလာ= ကြီးစွာသော ကျောက်ဖြာ ကျောက်သုံးသည်။ အပ္ပဋိသန္ဓိကာ = အသစ်တဖန် ဇာစပ်ပြန်ခြင်းရှိ မတတ်ကောင်းသည်။ ဟောတိ ယထာ=ဖြစ်လေဘိသကဲ့သို့။ ဧဝမေဝ = ဤအတူပင်လျှင်။ ဘိက္ခု = ရဟန်းသည်။ သဒ္ဓိစ္စ = ဝဓကစေတနာနှင့်ဘက္ခု ဇာဆောင်အားထုတ်၍။ မနုဿဝိဂ္ဂဟံ = လူဇာတ်ရှိသောသူ၏ ကိုယ်ကောင်ကို။ ဇီဝိတာ = ဇီဝိတိန္ဒြေမှ။ ဝေါရောပေတွာ = ချမိသည်ရှိသော်၄ အသမဏော = ရဟန်းမဟုတ်သည်။ ဝါ- ရဟန်းဘု, ရဟန်းယောင်, ရဟန်းကြောင်, ရဟန်းယုတ်, ရဟန်းစုတ်, ရဟန်းပျက်သည်။ ဟောတိ=ဖြစ်၏။ အသကျပုတ္တိယော=သာကီဝင်မင်းသားဖြစ်တော်မူသော မြတ်စွာဘုရား၏ သားတော်မဟုတ်သည်။ ဝါ-သားဆိုး, သားယုတ်, သားစုတ်, သားညစ်သည်။ ဟောတိ=ဖြစ်၏။ တံ = ထိုဇီဝိတိန္ဒြေမှ ချခြင်းအမှုကို။ တေ-တယာ = သင် ပဉ္စင်းသစ်သည်။ ယာဝဇီဝံ = အသက်ထက်ဆုံး။ အကရဏီယံ = မချအပ်။

စတုတ္ထ အကရဏီယ

၄။ ဥပသမ္ပဒေန = မြင့်မြတ်သော အဖြစ်သို့ရောက်ပြီးသော။ ဘိက္ခုနာ = ရဟန်းသည်။ အန္တမသော = ယုတ်သော အပိုင်းအခြားအားဖြင့်။ သုညာဂါရေ = ဆိတ်ငြိမ်သောကျောင်း၌။ အဘိရမာမိ = အလွန်မွေ့လျော်၏။ ဣတိ = ဤသို့သောစကားကို။ ဥပါဒါယ = အစပြု၍။ ဥတ္တာရိမနုဿဓမ္မော=မြင့်မြတ်သောလူတို့၏ ဥစ္စာဖြစ်သော မဟာဂုတ် လောကုတ္တရာ တရားများကို။ နာ ဥလ္လပိတဗ္ဗော = ငါရသည်, ငါ၌ရှိသည်, ငါမျက်မှောက် ပြုနိုင်သည်ဟု ဝါဝါကြွားကြွား,မပြောအပ်။

ယော ဘိက္ခု=အကြင်ရဟန်းသည်။ ပါပိဒစ္ဆ=ပါပိစ္ဆာ=ပါပိစ္ဆတာမာဒသ. အလိုရိုသည်ဖြစ်၍။ [illegible]=အလိုရှိသည် ဆိုင်ရာက် ဖျက်ဆီးအပ်သည်ဖြစ်၍။ အသန္တံ = မိမိကိုယ်၌ ထင်ရှားမရှိသော။ အဘူတံ = မိမိသန္တာန်၌ တရုံတဆစ်မျှ မဖြစ်စဘူးသော။ ဥတ္တရိမနုဿဓမ္မံ=မြင့်မြတ်သော လူတို့၏ ဥစ္စာဖြစ်သော မဟဂ္ဂုတ် လောကုတ္တရာ တရားမျှားကို။ ဥလ္လပတိ = ငါရသည်, ငါဖြင့်သည်, ငါမျက်မှောက်ပြုနိုင်သည်ဟု ဝါဝါကြွားကြွား ပြောကြားမိအံ့။ စျာနံ ဝါ=စျာန်လေးပါး စျာန်ငါးပါးကိုဆိုင်း။ ဝိမောက္ခံ ဝါ=လောကီ ဝိမောက္ခစျာန်ရှစ်ပါး လောကုတ္တရာ ဝိမောက္ခစျာန် သုံးပါးကိုဆိုင်း။ သမာပတ္တိံ ဝါ=လောကီ လောကုတ္တရာ သမာပတ်ကိုဆိုင်း။ သမာဓိံ ဝါ=လောကီ လောကုတ္တရာ သမာဓိကိုဆိုင်း။ မဂ္ဂံ ဝါ=လောကုတ္တရာ မဂ်လေးပါးကိုဆိုင်း။ ဖလံ ဝါ=လောကုတ္တရာ ဖိုလ်လေးပါးကိုဆိုင်း။ ဥလ္လပတိ=ငါရသည်, ငါဖြင့်ရှိသည်, ငါမျက်မှောက်ပြုနိုင်သည်ဟု ဝါဝါကြွားကြွား ပြောကြားမိအံ့။ သော ဘိက္ခု = ထိုရဟန်းသည်။ အသမ္ဘောဂေါ=ရဟန်းမဟုတ်သည်။ ဟေဿတိ = ဖြစ်၏။ အသက္ကပုဗ္ဗံယော=သာကီဝင်မင်းသားမဟုတ်သည်။ ဟေဿတိ=ဖြစ်၏။

သေယျထာပိ နာမ=နှိုင်းခိုင်းစရာဥပမာကား။ မတ္တကစ္ဆိကော=သည်ဆစ် လည်ပင်း ငြုတ် လပြိုးသော။ တာလော=ဘန်းပင်သည်။ ပုန ဝိရုဠ္ဍိယာ=ဘဖန်ပေါက်ရောက် စည်ပင်ပြန့်ပွားခြင်းငှါ။ အဘဗ္ဗော ယဒါ = မထိုက်လေသကဲ့သို့။ ဇာဒဖဝ = ဥစ္စာဘတူပင်။ [illegible] = ရဟန်းသည်။ ပါပိစ္ဆော=ယုတ်မာသော အလိုရမ်က် ရှိသည်ဖြစ်၍။ [illegible]=အလိုရမ်က်သည် နှိပ်စက်အပ်သည်ဖြစ်၍။ အသန္တံ = မိမိကိုယ်၌ ထင်ရှားမရှိသော။ အဘူတံ=မိမိသန္တာန်၌ တရုံ တဆစ်မျှ မဖြစ်စဘူးသော။ ဥတ္တရိမနုဿဓမ္မံ=မြင့်မြတ်သော လူတို့၏ ဥစ္စာဖြစ်သော မဟဂ္ဂုတ် လောကုတ္တရာ တရားမျှားကို။ ဥလ္လပတိ=ငါရသည်, ငါဖြင့်ရှိသည်, ငါမျက်မှောက်ပြုနိုင်သည်ဟု ဝါဝါကြွားကြွား ပြောကြားမိအံ့။ အသမ္ဘောဂေါ = ရဟန်းမဟုတ်သည်။ ဟေဿတိ = ဖြစ်၏။ အသက္ကပုဗ္ဗံယော = သာကီဝင်မင်းသားဖြစ်တော်မူသော ဗြဟ္မာတရားတော်၏ သားတော်မဟုတ်သည်။ ဟေဿတိ = ဖြစ်၏။ တံ = ထိုရဟန်းမကိုယ် တရားမျှားကို ပြောကြားခြင်းအမှုမျှားကို။ တေ-[illegible] = သင် ပဉ္စင်းသစ်သည်။ ယာဝဇီဝံ = အသက်ထက်ဆုံး။ အကရဏီယံ = မပြုမကျင့်အပ်။

ပဉ္စင်းလောင်းတပါး ရဟန်းခံ ဂမ္ဘဝါ ပြီး၏။

ဥပသမ္ပဒ-ဒွိန် ကဋ္ဌဝဂ်ိဏ်ခေတ်ကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဉ္စင်းလောင်း ၂-ပါး၊ ၃-ပါး ရဟန်းခံပုံ

မဟာဝါပါဠိတော်၌ "အနုဇာနာမိ ဘိက္ခဝေ ဒွေ ဘယော ကောနုဿာဝနေ ကာတုံ" ရဟန်းလျှာ ၂-ပါး, ၃-ပါးကို တပေါင်းတည်းပြု၍ ကမ္မဝါဖတ်ခွင့်ကို ပေးတော်မူသောပါဠိ ဖြစ်သည်။

ဖတ်ပုံ ကမ္မဝါကိုမူကား တပါးသောအရာ၌ အသေအချာ ဟောပြီး ရှိသည်ဖြစ်၍ငင်း, လက်ထက်တော်ရှိ သာဝကတို့သည် ပဋိသမ္ဘိဒါပတ္တ ဖြစ်ကုန်ကြ၍ အရိယဘာသာ၌ ဘုရားနှုတ်ထွက်နှင့် တချက်မတိန်း ဖတ်ရွတ်နိုင်ကြကုန်သည်ဖြစ်၍ငင်း, ဤဥပသမ္ပဒါအရာ၌ ရဟန်းလျှာ ၂-ပါး, ၃-ပါးကို တပေါင်းတည်း တလုံးတည်း ဖတ်နည်း ကမ္မဝါစာဟူ၍ အသီးအခြား မဟောပြီ။

ထို့ကြောင့် တပါးသောအရာ၌ အသေအချာ ဟောပြီးရှိနေသော ဒွန် ကမ္မဝါ, ဗဟုဝုစ် ကမ္မဝါများနှင့် ထပ်တူ ထပ်မျှ ညီညွတ်လှသဖြင့် ဘုရားသခင် ဟောခဲ့လျှင်လည်း "ဤနည်းအတိုင်း ဟောပေမည်"ဟု ယုံကြည်လေးမြတ် စိတ်ချအပ်သော ဥပသမ္ပဒအရာ ဒွန် ကမ္မဝါ, ဗဟုဝုစ် ကမ္မဝါများကို ကောင်းစွာ ထုတ်ထား ပေအုံ့သတည်း။

အထက် ကမ္မဝါဟောင်းများတွင် ပြင်သင့်ရာကိုလည်း ပြင်, စွက်သင့်ရာကိုလည်း စွက်, အနက် ပြသင့်ရာကိုလည်း ပြ, ချသင့်ချန်သင့်ရာကိုလည်း ချန်၍ ကျမ်းဂန် ကျမ်းရင်းတို့နှင့် ကမျည်းတည်း ဖြစ်လာလတံ့။

ဝိဇ္ဇာရုဝိစာန

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁– ဥပစ္ဆာဂါဟာဝပန

ပထမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗာ။

ယဿ ဥဘတော ဝိဘင်္ဂေါ ပဂုဏော ဟောတိ၊ ဒသ ဝဿော စ ဥပသမ္ပဒါယ တဿ ကေရဿာ သဒ္ဒိကေ ဒ္ဝေ တယော ဥပသမ္ပဒါပေခါ ဥပဇ္ဈံ ဂါဟာပေတဗ္ဗာ။

"ဥပဇ္ဈာယော နော ဘန္တေ ဟောဟိ" တိ တိက္ခတ္တုံ ဝတ္တာ ဣမဿ ဆေရဿ သန္တိကေ "ဥပဇ္ဈံ ဂဏှထာ" တိ ဝတ္တဗ္ဗာ။

ထေရေန စ–"ပါသာဒိကေန သမ္ပာဒေထာ" တိ ဝတ္တဗ္ဗာ။

န ဟိ အနုပဇ္ဈာယကံ ဥပသမ္ပာဒေတုံ ဝဋ္ဋတိ။

ပညတ္တမေတံ ဘဂဝတာ–

"န ဘိက္ခဝေ အနုပဇ္ဈာယကော ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋဿာ" တိ။

ဣမသ္မိံ ဌာနေ ဌတ္ဝာ ဥပဇ္ဈာယဿ စ ဥပသမ္ပဒါပေခါနဉ္စ တခ်ဏ်ကံ နာမံ ကရီယတေ။

"အယံ ဥပဇ္ဈာယော တိဿော နာမ ဟောတု၊

ဣမေ စ ဥပသမ္ပဒါပေခါ နာဂါ နာမ ဟောန္တု" တိ။

အပိ စ ယဒိ ပါကတိကံ နာမံ ဝိသဒံ ဟော်တိ သုခုစ္စာရဏံ၊ တဒေဝ ပရိယတ္တံ။

၂-ပတ္တစိဝရာစိက္ခန

ဥပဇ္ဈံ ဂါဟာပေတွော ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ။
ဣမေ ဝေါ ပတ္တာ၊ (အာမ ဘန္တေ)
နာ ဟိ ယာစိတကေန ပတ္တေန ဥပသမ္ပာဒေတုံ ဝဋ္ဋတိ။
ပညတ္တမေတံ ဘဂဝတာ–
"နာ ဟိ ဘိက္ခဝေ ယာစိတကေန ပတ္တေန ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋဿာ"တိ။
ဣမော သံဃာဋိယော၊ (အာမ ဘန္တေ)
ဣမေ ဥတ္တရာသင်္ဂါ၊ (အာမ ဘန္တေ)
ဣမေ အန္တရဝါသကာ၊ (အာမ ဘန္တေ)
နာ ဟိ ယာစိတကေန စီဝရေန ဥပသမ္ပာဒေတုံ ဝဋ္ဋတိ။
ပညတ္တမေတံ ဘဂဝတာ–
"နာ ဘိက္ခဝေ ယာစိတကေန စီဝရေန ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋဿာ"တိ။

၃- အနုသာသကသမ္မုတိ ကမ္မကရဏ

ဂစ္ဆထ အမုမှိ ဩကာသေ တိဋ္ဌထ။

တုမှေ တာဝ ဂစ္ဆထ၊ ဂန္ဒွာ အသုကသ္မိံ နာမ ဩကာသေ တိဋ္ဌထ၊ မာ တတော အညတ္ထ ဂစ္ဆထ၊ တုမှာကံ အနုသာသနတ္ထံ မယမှိ တတ္ထ အံဂဂစ္ဆာမ။

နဟိ အနနုသာသိတ္တာ သံဃမဇ္ဈေ အန္တရာယိကေ ဓမ္မေ ပုစ္ဆိတုံ လဗ္ဘတိ၊ နစ သံဃမဇ္ဈေ အနုသာသိတုံ။ ဝုတ္တံ ဟေတံ ဘဂဝတာ—

"အနုဇာနာမိ ဘိက္ခဝေ ပထမံ အနုသာသိတ္တာ ပစ္ဆာ အန္တရာယိကေ ဓမ္မေ ပုစ္ဆိတုံ၊ အနုဇာနာမိ ဘိက္ခဝေ ကေမန္တိံ အနုသာသိတ္တာ သံဃမဇ္ဈေ အန္တရာယိကေ ဓမ္မေ ပုစ္ဆိတု"န္တိ။

မှတ်ချက် [ဂစ္ဆန္တေဟိ ပန အာစရိယေန နိဒ္ဒိဋ္ဌေ ဩကာသေ ယထာသုခံ နိသီဒိတဗ္ဗံ၊ တိဋ္ဌန္တေဟိ နဘဝ်တဗ္ဗံ၊ စီဝရတော သေသပရိက္ခရာ စ သံဃမဇ္ဈေ ဟောန္တု၊ ဂဟေတ္ဝာ ဂမနကိစ္စံ နတ္ထိ။]

အနုသာသကသမ္မုတိ ဥတ္တိ

နမော တဿ

သုဏာတု မေ ဘန္တေ သံဃော၊ နာဂါ အာယသ္မာတော တိသ္သော ဥပသမ္ပဒါပေခါ၊ ယဒိ သံဃော ပတ္တကလ္လံ, အဟံ နာဂေ အနုသာသေယ်။

အယံ အနုသာသကသမ္မုတိ ဥတ္တိ။

နဟိ အလဒ္ဓသမ္မုတိကေန အနုသာသိတုံ လဗ္ဘတိ။

ဝုတ္တံ ဟေတံ ဘဂဝတာ—

"နဘိက္ခဝေ အသမ္မတေန အနုသာသိတဗ္ဗော၊ ယော အနုသာသေယျ၊ အာပတ္တိ ဒုက္ကဋဿာ"တိ။

လဒ္ဓသမ္မုတိကေန ပန တတ္ထ ဂန္ဒာ ပညတ္တာ အာသနေ ပလ္လင်္ကေန နိသီဒိတ္ဝာ အနုသာသိတဗ္ဗာ။
ဥပဘာမဒါပေဓေဟိ စ သံဃမဇ္ဈေ ဝိယ ဥက္ကုဋိကံ နိသီဒိတ္ဝာ အဉ္ဇလိံ ပဂ္ဂဟေတ္ဝာ သက္ကစ္စံ သောတဗ္ဗံ။
အယံ ပန အနုသာသဝိဓိ။

၄-အနုသာသန

သုဏာထ နာဂါ၊ အယံ ဝေါ သစ္စကာလော၊ ဘူတကာလော၊ ယံ ဇာတံ၊ တံ သံဃမဇ္ဈေ ပုစ္ဆန္တေ၊ သန္တံ "အတ္ထီ"တိ ဝတ္တဗ္ဗံ၊ အသန္တံ "နတ္ထီ"တိ ဝတ္တဗ္ဗံ။ မာ ခေါ ဝိတ္ထာယိတ္ထ၊ မာ ခေါ မံကူ အဟုဝတ္ထ၊ ဧဝံ ဝေါ ပုစ္ဆိဿန္တိ၊ သန္တိ ဝေါ ဧဝရူပါ အာဗာဓာ ကုဋ္ဌံ ဂဏ္ဍော ကိလာသော သောသော အပမာရော။

ဧဝံ ဝေါ ပုစ္ဆိဿန္တိ၊ သန္တံ "အတ္ထိ"တိ ဝတ္တဗ္ဗံ၊ အသန္တံ "နတ္ထိ"တိ ဝတ္တဗ္ဗံ။

ဝေမ္မိ ပုစ္ဆိဿန္တိ၊ ကိံ တုမှေ မနုဿာတ္ထ၊ ကိံ ပုရိသာတ္ထ၊ ကိံ ဘုဇိဿာတ္ထ၊ ကိံ အဏဏာတ္ထ၊ ကိံ နာ ဆာဘဋာတ္ထ၊ ကိံ မာတာပိတူဟိ အနုညာတာတ္ထ၊ ကိံ ပရိပုဏ္ဏဝီသတိဝဿာတ္ထ၊ ကိံ ပရိပုဏ္ဏံ ဝေါ ပတ္တစီဝရံ၊ ကိံ နာမာတ္ထ တုမှေ၊ ကော နာမော ဝေါ ဥပဇ္ဈာယော။

ဝေမ္မိ ပုစ္ဆိဿန္တိ၊ တဒါ ဝိဿဇ္ဇေသ၊ မာ ခေါ ဝိတ္ထာယိတ္ထ၊ မာ ခေါ မံကူ အဟုဝတ္ထ၊ သဗ္ဗမေဘံ အနုသာသနမတ္တံ။
နာယံ ပုစ္ဆိတုံ ဝါ ဝိဿဇ္ဇေတုံ ဝါ ကာလော။

နဝ ပုစ္ဆကသမ္မုတိ အလဘိဘ္ဘာ ပုစ္ဆိတုံ ဝဋ္ဋတိ။

ဧဝံ အနုသာသိဘ္ဘာ "တုမှေ ဣဓေဝ တာဝ ဟောထာ"တိ ဝတ္ဝာ သယံ ပထမဘဏဝါ သံဃမဇ္ဈံ အာဂန္ဒွာ သံဃော ဥဗ္ဗာဟေတဗ္ဗော။

၅–ဩဿာဒိဏ္ဍ ဥတ္တိထပနာစိက္ခန်

သုဏာတု မေ ဘန္တေ သံဃော၊ နာဂါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေခါ။ အနုသိဋ္ဌာ တေ မယာ၊ ယံ ဘံဃဿ ပတ္တကလ္လံ၊ နာဂါ အာဂစ္ဆေယျုံ၊ အာဂစ္ဆထာတိ ဝတ္တဗ္ဗာ။

၆–ဥပသမ္ပဒာ ယာစာပန

တေ တိက္ခတ္တုံ 'သံဃံ ဥပသမ္ပဒံ ယာစာပေတဗ္ဗာ။

သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမ၊ ဥလ္လုမ္ပတု နော ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။

ဒုတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမ၊ ဥလ္လုမ္ပတု နော ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။

တတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမ၊ ဥလ္လုမ္ပတု နော ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။

၇–ဘန္တေ ရာယိကဒမ္မ ပုစ္ဆကသမ္မုတိဥ်တ်ိ

သုဏာတု မေ ဘန္တေ သံဃော၊ ဣမေ နာဂါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေခါ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ နာဂေ အန္တရာယိကေ ဓမ္မေ ပုစ္ဆေယ်ံ။

၈–ပုစ္ဆန

အယံ ပုစ္ဆနဝိဓိ-

သုဏာထ နာဂါ၊ အယံ ဝေါ သတ္ထုကာလော၊ ဘူတကာလော၊ ယံ ဇာတံ၊ တံ ပုစ္ဆာမိ၊ သန္တံ "အတ္ထိ"တိ ဝတ္တဗ္ဗံ၊ အသန္တံ "နတ္ထိ"တိ ဝတ္တဗ္ဗံ၊ မာ ဝေါ ဝိတ္ထာယိတ္ထ၊ မာ ခေါ မံကု အဟုဝတ္ထ။

သန္တိ ဝေါ ဧဝရူပါ အာဗာဓာ၊ အတ္ထိ ဝေါ ကုဋ္ဌံ?၊ (နတ္ထိ ဘန္တေ)

အတ္ထိ ဝေါ ဂန္ထော?၊ (နတ္ထိ ဘန္တေ)
အတ္ထိ ဝေါ ကိလာသော?၊ (နတ္ထိ ဘန္တေ)
အတ္ထိ ဝေါ သောသော?၊ (နတ္ထိ ဘန္တေ)
အတ္ထိ ဝေါ အပမာဒေါ?၊ (နတ္ထိ ဘန္တေ)
ဤမေဟိ ပဥ္ဟိ အာဗာဓေဟိ ဖုဋ္ဌံ ဥပသမ္မာဒေတုံ နံ ဝဋ္ဋတိ။

ပညတ္တ မေတံ ဘဂဝတာ-

"နံ ဘိက္ခဝေ ပဥ္ဟိ အာဗာဓေဟိ ဖုဋ္ဌော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿာ"တိ။

ကိံ တုမှေ မနုဿာတ္ထ?၊ (အာမ ဘန္တေ)

နံ ဟိ အမနုဿဘူတဿ ယက္ခဿ ဝါ, ပေတဿ ဝါ, တိရစ္ဆာနဂတဿ ဝါ, သဏ္ဍဿ ဝါ, ဖြဟ္မုနော ဝါ, ဒေဝဿ ဝါ ပဗ္ဗဇ္ဇာ ဝါ, ဥပသမ္ပဒါ ဝါ ရုဟတိ။

ဝုတ္တံ ဟေတံ ဘဂဝတာ—

"တိရစ္ဆာနဂတော ဘိက္ခဝေ အနုပသမ္ပန္နော နံ ဥပသမ္မာဒေတဗ္ဗော၊ ဥပသမ္ပန္နော နာသေတဗ္ဗော"တိ။

မနုဿဇာတိကံ ဌပေတွာ အဝသေသာ သတ္တာ ဤဓ တိရစ္ဆာနဂတေ သင်္ဂဟိတာ။

ကိံ တုမှေ ပဏ္ဍကာတ္ထ?၊ (အာမ ဘန္တေ)

နံ ဟိ ပဏ္ဍကဿ ဝါ, ဥဘတော ဗျဉ္ဇနကဿ ဝါ, ပဗ္ဗဇ္ဇာ ဝါ, ဥပသမ္ပဒါ ဝါ ရုဟတိ။

ယထာဟ—

"ပဏ္ဍိကော ဘိက္ခဝေ အနုပသမ္မန္နော နံ ဥပသမ္မာဒေတဗ္ဗံ၊ ဥပသမ္မန္နော နာသေတဗ္ဗော၊ ဥပဇ္ဈာယံ ဂါဟာပေတွာ အနုပသမ္မန္နော နံ ဥပသမ္မာဒေတဗ္ဗော၊ ဥပသမ္မန္နော နာသေသာပေဟော"တိ။

ကိံ တုမ္ဟေ ဘုဉ်ဿာတ္ထ?။ (အာမ ဘန္တေ)

နံ ဟိ ဒါသဘူတံ ဥပသမ္မာဒေဝုံ ဝဋ္ဋတိ။

ယထာဟ—

"နံ ဘိက္ခဝေ ဒါဟော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ သောပတ္တိ ဒုက္ကဋဿာ"တိ။

ကိံ တုမ္ဟေ အဏကာတ္ထ?၊ (အာမ ဘန္တေ)

နံ ဟိ ဏကာယိကံ ဥပသမ္မာဒေတုံ ဝဋ္ဋတိ။

ယထာဟ—

"နံ ဘိက္ခဝေ ဏကာယိကော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿာ"တိ။

ကိံ တုမ္ဟေ ရာဇဘဋာတ္ထ?၊ (အာမ ဘန္တေ)

နံ ဟိ ရာဇဘဋံ ဥပသမ္မာဒေတုံ ဝဋ္ဋတိ။

ယထာဟ-

"နံ ဘိက္ခဝေ ရာဇဘဋော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿာ"တိ၊

ကိံ တုမ္ဟေ မာတာပိတူဟိ အနုညာတာတ္ထ?၊ (အာမ ဘန္တေ)

နံ ဟိ မာတာပိတူဟိ အနနုညာတံ ပုတ္တံ ဥပသမ္မာဒေတုံ ဝဋ္ဋတိ။

ယထာဟ-

"နံ ဘိက္ခဝေ မာတာပိတူဟိ အနနုညာတော ပုတ္တော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿာ"တိ။

ကိံ တုမှေ ပရိပုဏ္ဏဝီသတိဝဿာတ္ထ?၊ (အာမ ဘန္တေ)

နံ ဟိ ဥနဝီသတိဝဿဿ ဥပသမ္ပဒါ ရုဟတိ။

ယထာဟ-

"နံ ဘိက္ခဝေ ဥနဝီသတိဝဿော ပဂ္ဂလော ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ ယထာဓမ္မော ကာရေတဗ္ဗော"တိ။

ပရိပုဏ္ဏံ ဝေါ ပတ္တစီဝရံ၊ (အာမ ဘန္တေ)

နံ ဟိ အပတ္တစီဝရကံ ဥပသမ္ပာဒေတုံ ဝဋ္ဋတိ။

ယထာဟ-

"နံ ဘိက္ခဝေ အပတ္တစီဝရကော ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋဿာ"တိ။

ကိံ နာမာတ္ထ?၊ (မယံ ဘန္တေ နာဂါ နာမ)

ကမ္မဝါစာယဉ္စိ ဝတ္ထုနော နာဒမေ အဂဟိတေ ကမ္မံ ဝိပဇ္ဇတိ၊ ဝတ္ထုံ နံ ပရာမသတိတိ ဟိ ဝုတ္တံ၊ တသ္မာ အာဂုံ ပါပံ နံ ကရောန္တိ၊ နဝါ ပဟီဒန ဂိဟိ ဗန္ဓနာဒိကေ ကိလေသေ ပုန ဥပဂစ္ဆတိတိ အတ္ထေန ဥတ္တိယံ ဝါ ကမ္မဝါစာသု ဝါ နာဂါတိ သုတ္တာ ဟန္ဒ မယံ ဥပရိဘာဝံ သေဋဘာဝံ သံပဇ္ဇာမာတိ သလ္လက္ခေထ။

ကော နာမော ဝေါ ဥပဇ္ဈာယော။ (ဥပဇ္ဈာယော နော ဘန္တေ အာယသ္မာ တိဿော နာမ)

ဥပဇ္ဈာယဿ နာမေ အဂဟိတေပိ ကမ္မံ ဝိပဇ္ဇတိယေဝ၊ ပဂ္ဂလံ နာ ပရာမသတီတိ ဒုတ္တံ၊ တသ္မာ တံ တံ ပါပမ္မံ ဣသတိ အာဘိဘဝတီတိ အတ္ထေန ဥတ္တိယံ ဝါ, ကမ္မဝါစာသု ဝါ, တိဿဿာတိ ဝါ, တိဿေနာဇိ ဝါ ဒုတ္ဘာ အယံ ထေရော အမှာကံ ဥပဇ္ဈာယော၊ သော ယာဝဇီဝံ အမှေဟိ ဥပဋ္ဌာနိယော်တိ သလ္လက္ခေထ။

ဣဒါနိ တုမှေ သံယော ဥပသမ္မာဒေဿတိ၊ သုဋ္ဌု မနသိကရောထ၊ ဟန္ဒ မယံ လောကေ အနုတ္တရဿ ဂုဏော သဒ္ဓမ္မစက္ကဝတ္တိဿ ဩရသပုတ္တာ ဘဝိဿာမာတိ။

ဣဒံ ဝိတ္ထာရ ဝိဓာနံ။

သန်ဓပဝိဓာန

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပထမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗာ၊
ဥပဇ္ဈံ ဂါဟာပေတ္ဝာ ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ။
ဣမေ ဝေါ ပတ္တာ၊ (အာမ ဘန္တေ)
ဣမာ သံဃာဋိယော၊ (အာမ ဘန္တေ)
ဣမေ ဥတ္တရာသင်္ဂါ၊ (အာမ ဘန္တေ)
ဣမေ အန္တရဝါသကာ၊ (အာမ ဘန္တေ)
ဂစ္ဆထ အမုမှိ ဩကာသေ တိဋ္ဌထ။

သုဏာတု မေ ဘန္တေ သံဃော၊ နာဂါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေခါ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ နာဂေ အနုသာသေယျံ။

သုဏာထ နာဂါ၊ အယံ ဝေါ သစ္စကာလော၊ ဘူတကာလော၊ ယံ ဇာတံ၊ တံ သံဃမဗ္ဗေ ပုစ္ဆန္တေ သန္တံ "အတ္ထိ"တိ ဝတ္တဗ္ဗံ၊ အသန္တံ "နတ္ထိ" တိ ဝတ္တဗ္ဗံ။

မာ ခေါ ဝိတ္ထာယိတ္ထ၊ မာ ခေါ မံကု အဟုဝတ္ထ၊ ဇဝံ ဝေါ ပုစ္ဆိဿန္တိ၊ သန္တိ ဝေါ ဇဝရူပါ အာဗာဓာ ကုဋ္ဌံ ဂဏ္ဍော ကိလာသော သောသော အပမာရော။

ဝေမ္မိ ပုစ္ဆိဿန္တိ၊ မနုဿာတ္ထ၊ ပုရိသာတ္ထ၊ ဘုဇိဿာတ္ထ၊ အဏဏာတ္ထ၊ နာတ္ထ ဆဇ္ဇာဒ္ဒာ၊ အနုညာတာတ္ထ မာတာပိတူဟိ၊ ပရိပုဏ္ဏဝိသတိဝဿာတ္ထ၊ ပရိပုဏ္ဏံ ဝေါ ပတ္တစီဝရံ၊ ကိံ နာမာတ္ထ၊ ကော နာမော ဝေါ ဥပဇ္ဈာယော။

သုဏာတု မေ ဘန္တေ သံဃော၊ နာဂါ အာယသ္မတော တိဿဿ ဥပသမ္ပဒါဒပေါ၊ အနုသိဋ္ဌာ တေ မယာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ နာဂါ အာဂန္ဆယျု၊ အာဂစ္ဆထာတိ ဝတ္တဗ္ဗာ။

သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမ၊ ဥလ္လုမ္ပတု နော ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ၊
ဒုတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမ၊ ဥလ္လုမ္ပတု နော ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။
တတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမ၊ ဥလ္လုမ္ပတု နော ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။

သုဏာတု မေ ဘန္တေ သံဃော၊ ဣမေ နာဂါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေခါ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ နာဂေ အန္တရာယိကေ ဓမ္မေ ပုစ္ဆေယျံ။

သုဏာထ နာဂါ၊ အယံ ဝေါ သစ္စကာလော၊ ဘူဘကာဒလော၊ ယံ ဇာတံ၊ တံ ပုစ္ဆာမိ၊ သန္တံ "အတ္ထိ" တိ ဝတ္တဗ္ဗံ၊ အသန္တံ "နတ္ထိ"တိ ဝတ္တဗ္ဗံ။

သန္တိ ဝေါ ဇဝရူပါ အာဗာဓာ။ ကုဋ္ဌံ၊ (နတ္ထိ ဘန္တေ) ဂဏ္ဍော၊ (နတ္ထိ ဘန္တေ) ကိလာသော၊ (နတ္ထိ ဘန္တေ) သောသော၊ (နတ္ထိ ဘန္တေ) အပမာရော၊ (နတ္ထိ ဘန္တေ)

